ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 28 February 2017 (၈၈၅၁)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့အား တွေ့ဆုံ

စာမျက်နှာ »» ၃

## ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

စာမျက်နှာ »» ၃

# မှုခင်းကျူးဆင်းရေးလုပ်ငန်းများအတွက် မော်တော်ဆိုင်ကယ်အစီး ၁၀၀ လွှဲပြောင်းပေးအပ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ Mother Trading Construction Co.,Ltd.မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၀ ခန့် တန်ဖိုးရှိ ဆိုင်ကယ်အစီး ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မော်တော်ဆိုင်ကယ်အစီး ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ထံလွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက Mother Trading Construction Co.,Ltd.မှ အလှူရှင် ဦးအောင်မြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါဆိုင်ကယ်များကို အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့သို့ ၃၃ စီး၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့သို့ အစီး ၃၀၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့သို့ ၁၄ စီး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့သို့ ၁၉ စီးနှင့်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲများသို့ လေးစီးတို့ကို ဖြန့်ခွဲပေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

**လှည့်ကင်းဆောင်ရွက်ရန်နှင့်**
**အချိန်နှင့်တစ်ပြေးညီ**
**တားဆီးပိတ်ဆို့ ဆောင်ရွက်နိုင်ရန်အတွက်**
**ခရိုင်ရဲတပ်ဖွဲ့အသီးသီးသို့**
**ထုတ်ပေးလိုက်သည့်**
**မော်တော်ဆိုင်ကယ်များအား တွေ့ရစဉ်။**

# ကင်မွန်းစခန်းတောင်ခြေအနီးရှိ ရာမည‌ရေတံခွန်နှင့် အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်မှု များပြား

**ကျိုက်ထို ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများအနေဖြင့် ဘုရားဖူးခရီးစဉ်အပြင် ကင်မွန်းစခန်းတောင်ခြေအနီးရှိ ရာမညရေတံခွန်နှင့် အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော်သို့ နှစ်စဉ် ပြည်တွင်းဘုရားဖူးများအပြင် ပြည်ပဘုရားဖူး အများဆုံးလာရောက်လျက်ရှိရာ ဘုရားဖူးများ၊ ခရီးစဉ်စီစဉ်သူများအနေဖြင့် အဆိုပါ ခရီးစဉ်တစ်ဝိုက် အခြားသောအပန်းဖြေ နားနေနိုင်သည့် ရေတံခွန်၊ စမ်းချောင်းများသို့လည်း လာရောက်လည်ပတ်ကြသောကြောင့် စည်ကားလျက်ရှိသည်ဟု သိရသည်။

> **သဘာဝအပန်းဖြေစခန်းဆိုပေမယ့် နားနေနိုင်တဲ့ ဘန်ဂလိုလေးတွေ၊ စားသောက်ဆိုင်လေးတွေ၊ လျှောက်လမ်းလေးတွေ လုပ်ထားပါတယ်။**

"ကျိုက်ထီးရိုးတောင်ပေါ်မှ ဆင်းတဲ့ ကင်မွန်းစခန်းကနေ နည်းနည်းထပ်သွားရတဲ့ ကဒက်ချောင်းဆိုတာရှိပါတယ်။ ဒီရာသီကတော့ ရေနည်းပါတယ်။ ရေများတဲ့အချိန်ဆိုရင် စမ်းချောင်းထဲမှာ ရေလာကစားသူတွေ၊ ဓာတ်ပုံလာရိုက်သူတွေနဲ့ အပန်းဖြေသူတွေ များပါတယ်။ အခုအချိန်မှာ ကိုယ်ပိုင်ယာဉ်တွေနဲ့ စင်းလုံးငှားယာဉ်တွေ လာကြပါတယ်။ ကဒက်ချောင်းကနေ ၁၀ မိုင်၊ ၁၅ မိုင် လောက်ထပ်သွားရင် ရာမညရေတံခွန်နဲ့ အပန်းဖြေစခန်းဆိုတာ ရှိပါတယ်။ လမ်းလည်း ကောင်းပါတယ်။ အဲဒီကိုလည်း အခုဆိုရင်လာလည်တဲ့သူတွေ များလာပါတယ်"ဟု ကင်မွန်းစခန်း တောင်ခြေရှိ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ ရာမညရေတံခွန်နှင့် အပန်းဖြေစခန်းဟု အမည်တပ်ထားသော နားနေစခန်းသို့ ကိုယ်ပိုင်ယာဉ်များ၊ စင်းလုံးငှားယာဉ်များနှင့် လာရောက်ကြသော ခရီးသွားများ လာရောက်မှုများပြားပြီး ရေတံခွန်၊ စမ်းချောင်းနှင့် သဘာဝအလျောက် ဖြစ်တည်နေသည့် ကျောက်တုံးများ၊ တောင်ကုန်းများ၊ သစ်ပင်ပန်းမန်များကြောင့် သဘာဝတောတွင်းအရသာကိုခံစားကြရပြီး အပန်းဖြေနားနေနိုင်ကြောင်း **စာမျက်နှာ ၈ ကော်လံ ၄ သို့**





# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ မန္တလေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ကမ္ဘောဒီးယားရှိ အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့(USIP- United States Institute of Peace) ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ Ms. Nancy Lindborg နှင့်အတူ Asia Center ၏ အဆင့်မြင့်အကြံပေး (ယခင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး) Mr. Derek Mitchell နှင့် Asia Center ၏ ဒုတိယဥက္ကဋ္ဌ Mr. Andrew Wilder တို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့(USIP) ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ရေအခက်အခဲမဖြစ်စေရန် တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို JICA ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစံချိန်စံညွှန်းပြည့်မီစေရေး Sanyu အတိုင်ပင်ခံအဖွဲ့က အမြဲမပြတ် လိုက်လံစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးဆောင်ရွက်နေစဉ်။**

(၁၄၃)



# ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံသည် ရှေးဟောင်း ပေ၊ ပုရပိုက်နှင့် ရိုးရာလက်ရေးစာများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း အဆိုပါ ရှေးမှတ်တမ်းများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် တစ်ကွဲတစ်ပြားစီ တည်ရှိနေကြသည့်အတွက် ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျ စုဆောင်းထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အကွဲကွဲအပြားပြားဖြင့် တည်ရှိနေကြသော ပေ၊ ပုရပိုက်နှင့် လက်ရေးစာများကို တစ်နေရာတည်းတွင် စုဆောင်းသိမ်းဆည်းထိန်းသိမ်းထားရှိခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ရာ ပေ၊ ပုရပိုက်နှင့် လက်ရေးစာများကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အမျိုးသားကော်မရှင် (National Centre for the Preservation and Conservation of Manuscripts) ကို ၁၉၉၄ ခုနှစ် စက်တင်ဘာ ၈ ရက်က ပညာရေးဝန်ကြီးဌာန၏ လက်အောက်ခံအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော်လည်း အမျိုးသားကော်မရှင်သည် ၁၉၉၄ ခုနှစ် တစ်နှစ်တည်းသာ လုပ်ငန်းဆောင်ရွက်နိုင်ပြီး နောက်ပိုင်းတွင် လုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။

သို့ဖြစ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဒေါက်တာသော်ကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာကျော်ဝင်း (အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါက်တာကေသီထွေး [ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)]တို့အပြင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ရှေးဟောင်း ပေ၊ ပုရပိုက်နှင့် လက်ရေးစာများသည် စဉ်ဆက်မပြတ်သော မြန်မာ့သမိုင်းဖြစ်ရပ်အမှန် ပြုစုရေးအတွက် အရေးပါသော သမိုင်းအထောက်အထားဖြစ်သည်သာမက မြန်မာစာပေသမိုင်း ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်တွင်လည်း အရေးပါသော စာပေအထောက်အထားများ ဖြစ်ကြသဖြင့် ရှေးဟောင်းစာပေ၊ ပုရပိုက်၊ လက်ရေးစာများ စုဆောင်းထားရှိသူများအနေဖြင့် လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ စုဆောင်းထားရှိသောနေရာတွင် စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်းများ ဆောင်ရွက်လိုလျှင် သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးအသုံးစရိတ်ကို သိသိသာသာမြှင့်တင်ရန် အမေရိကန်အစိုးရ၏ အဆိုပြုဘတ်ဂျက်တွင်ဖော်ပြ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန် ကွန်ဂရက်လွှတ်တော်သို့ မကြာမီတင်သွင်းရန် စီစဉ်လျက်ရှိသော အဆိုပြုဘတ်ဂျက်တွင် ကာကွယ်ရေး အသုံးစရိတ်ကို သိသိသာသာ မြှင့်တင်ရန်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ၊ နိုင်ငံခြားရေးဌာနနှင့် အခြားသော ဖက်ဒရယ်အေဂျင်စီများ၏ အသုံးစရိတ်များကို ဖြတ်တောက်လျှော့ချရန်လည်းကောင်း ဖော်ပြထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပြုထားသော ဘတ်ဂျက်၏ အဓိကအချက်အလက်များကို အစောဆုံး ဖေဖော်ဝါရီ ၂၇ ရက်တွင် အများပြည်သူ သိရှိအောင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူနှစ်ဦးက ပြောကြားကြသော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိပေ။ သမ္မတ ဒေါ်နယ်လ်ထရန့်သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကွန်ဂရက် လွှတ်တော်အမတ်များအား မိန့်ခွန်းပြောကြားရန် စီစဉ်ထားကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖက်ဒရယ်အစိုးရအဖွဲ့က အဆိုပြုထားသည့် ဘတ်ဂျက်အရ ကာကွယ်ရေးဘတ်ဂျက် အသုံးစရိတ်ကို မြှင့်တင်မည်ဖြစ်ကြောင်း၊ သင်္ဘောများတည်ဆောက်ခြင်း၊ စစ်လေယာဉ်များ ဖြည့်တင်းခြင်း၊ ဟော်မုဇ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့ကဲ့သို့ အရေးပါသည့် ပင်လယ်ရေကြောင်းလမ်းများတွင် အမေရိကန်က လုံခြုံရေးအရ တည်ရှိခြင်းတို့အတွက် သုံးစွဲနိုင်ရန် ထရန့်၏ အစိုးရအဖွဲ့က အဆိုပြုမည်ဆို၏။

နိုင်ငံခြားရေးဌာန၏ ဘတ်ဂျက်ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချဖြတ်တောက်နိုင်ကြောင်း၊ ယင်းကဲ့သို့ ဖြတ်တောက်ခြင်းဖြင့် နိုင်ငံခြားရေးဌာနက အကောင်အထည်ဖော်မည့် အစီအစဉ်အချို့ကို ပြန်လည်ဖျက်သိမ်းရနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်သမိုင်းတွင် အကြီးကျယ်ဆုံးသော စစ်ရေးတည်ဆောက်မှုကို ပြုလုပ်မည်ဟု သမ္မတ ထရန့်က မကြာသေးမီက ကတိပြုပြောကြားခဲ့သည်။

အမေရိကန်၏ စစ်ရေးအသုံးစရိတ်မှာ လောလောဆယ်မှာပင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အထိ ရှိနေပြီးဖြစ်ရာ အဘယ်ကြောင့် ကာကွယ်ရေးဘတ်ဂျက်ကို ထပ်မံတိုးမြှင့်ရန် လိုအပ်သနည်းဟု ကာကွယ်ရေးကျွမ်းကျင်သူအချို့က မေးခွန်းထုတ်ထားသည်။



အိမ်ဖြူတော်သည် ဘတ်ဂျက်လုပ်ငန်းစဉ်အရ ဖက်ဒရယ်အစိုးရဌာနများနှင့် အေဂျင်စီများထံသို့ ဘတ်ဂျက်အစီအစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ပေးပို့မည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ။**

# အကြမ်းဖက်မှုအန္တရာယ် ဗြိတိန်နိုင်ငံ ရင်ဆိုင်နေရ

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

၁၉၇၀ ပြည့်လွန်နှစ်များက အိုင်းရစ်ရီပတ်ဘလီကန်တပ်ဖွဲ့ (အိုင်အာရ်အေ) သူပုန်အဖွဲ့က ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ချိန်နောက်ပိုင်း မကြုံစဖူး ထူးထူးကဲကဲ အကြမ်းဖက်မှုအန္တရာယ်ကို ဗြိတိန်နိုင်ငံ ရင်ဆိုင်နေရပြီဖြစ်ကြောင်း တရားဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်တွင် သတိပေး ပြောကြားလိုက်သည်။



အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)မှ အကြမ်းဖက်သမားများသည် အပြစ်မဲ့ အရပ်သူအရပ်သားများကို အလွန်အကျွံ တိုက်ခိုက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က အိုင်အာရ်အေ တပ်ဖွဲ့ဝင်များပြုလုပ်သည့် အကြမ်းဖက်မှုပုံစံမျိုးနှင့် တူညီလှကြောင်း ဗြိတိန်နိုင်ငံ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို ပြန်လည်သုံးသပ်လေ့လာရန် တာဝန်အပ်နှင်းခံထားရသူ ရှေ့နေ မက်ဒ်ဟီးလ်က ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာသို့ ပြောကြားသည်။

ဘာသာရေးအစွန်းရောက်သမားများသည် ဗြိတိန်နိုင်ငံ၏ မြို့ကြီးများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကြောင်း၊ မိမိတို့ လုံးဝ လျစ်လျူရှုထားရန် မသင့်သော အကြမ်းဖက်မှု အန္တရာယ်ကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ဟီးလ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံသား ဘာသာရေး အစွန်းရောက်သူ ရာပေါင်းများစွာသည် ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းကာ တိုက်ခိုက်ခဲ့ကြပြီးနောက် နေရင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသဖြင့် ၎င်းတို့က ပြည်တွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်လာနိုင်သည့် အန္တရာယ်ရှိနေကြောင်း ၎င်းက ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာသို့ ပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ ဆယ်ကျော်သက်အရွယ် လူငယ်များကို အစွန်းရောက်သမားများက အမုန်းစကားများကို ဗီဒီယိုများဖြင့် အွန်လိုင်းပေါ်တင်ကာ လှုံ့ဆော်စည်းရုံးလျက်ရှိနေကြကြောင်း ၎င်းက သတိပေးပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ ၁၉၇၀ ပြည့်လွန်နှစ်များက အိုင်အာရ်အေ တပ်ဖွဲ့ဝင်များက ဘားခန်းများ၊ ရထားဘူတာရုံများနှင့် ပါလီမန်အဆောက်အအုံတို့ကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်မှုများကို ကြိမ်ဖန်တလဲလဲ ပြုလုပ်ခဲ့ကြသည်။ ယနေ့ကာလတွင် အိုင်အက်စ်အဖွဲ့က မိမိတို့နိုင်ငံအား ပစ်မှတ်ထားကာ တိုက်ခိုက်လာနိုင်သည့် အန္တရာယ်များကို အထင်အရှား တွေ့မြင်နေရပြီဖြစ်ကြောင်း ဟီးလ်က ပြောကြားသည်။

**ရိုက်တာ။**

## ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၃ ဦးသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၇**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အိုင်လစ်ဘ်ပြည်နယ်ရှိ သူပုန်များ ထိန်းချုပ်ထားသည့် ဧရိယာများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၃ ဦး သေဆုံးခဲ့ရကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ဇနီးမောင်နှံနှစ်ဦးနှင့် ၎င်းတို့၏ကလေးနှစ်ဦး၊ အခြားမိသားစုတစ်စုမှ လူလေးဦးတို့သည် အိုင်လစ်ဘ်ပြည်နယ်တောင်ပိုင်းရှိ အရီဟာမြို့ကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြရသည်ဟု ဆီးရီးယားနိုင်ငံ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းက ပြုလုပ်သည်ကို စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က သေစေနိုင်လောက်အောင် ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသူအရေအတွက်များပြားသည့်အတွက် သေဆုံးသူအရေအတွက်တိုးလာနိုင်သည်ဟု ပြောကြားသည်။

အိုင်လစ်ဘ်ပြည်နယ် နယ်မြေအများစုကို အယ်လ်ခိုင်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် နူဆာရာဖရန့်အဖွဲ့က ထိန်းချုပ်ထားသည်။

အရီဟာမြို့နှင့် ကျေးလက်ဒေသများသည် အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်တိုက်ဖျက်ရေး ညွန့်ပေါင်းတပ်ဖွဲ့များ၊ ရုရှားတပ်များနှင့် ဆီးရီးယားတပ်ဖွဲ့များက သူပုန်တပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် နေရာများဖြစ်သည်။

**ဆင်ဟွာ။**



# ဘန်ဒေါင်းမြို့တွင် ဗုံးဖောက်ခွဲရေးသမားတစ်ဦးကို အင်ဒိုနီးရှားရဲအဖွဲ့ အသေဖမ်းဆီးရမိ



**ဂျကာတာ ဖေဖော်ဝါရီ ၂၇**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်က အသေးစား ဗုံးဖောက်ခွဲခဲ့သူတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းမှာ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သေဆုံးသွားသည့် စစ်သွေးကြွမှာ အိုင်အက်စ်အဖွဲ့ကို ထောက်ခံသည့် အစွန်းရောက်အဖွဲ့တစ်ဖွဲ့နှင့် ပတ်သက်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သောအကြမ်းဖက်တိုက်ခိုက်မှုများမှာ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)ကို ထောက်ခံသူများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် တိုက်ခိုက်မှုများကို စီစဉ်လုပ်ဆောင်ပုံမှာ ပညာသားမပါလှကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၏ အရှေ့တောင်ဘက်ရှိ ဘန်ဒေါင်းမြို့ အုပ်ချုပ်ရေးရုံး၏ ခြံဝင်းအတွင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးသူမရှိဘဲ ဗုံးဖောက်ခွဲသူကို ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းမှာ သေဆုံးခဲ့သည်။

ဗုံးဖောက်ခွဲသူသည် အဆိုပါရုံးသို့ မော်တော်ဆိုင်ကယ် စီးနင်းကာ ရောက်ရှိလာပြီး ၎င်းနှင့်အတူ ပါလာသည့် ဖောက်ခွဲရေးပစ္စည်းကို အဆိုပါရုံးဝင်း၏ ထောင့်တစ်နေရာတွင် ထားခဲ့ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲရေးသမားက အင်ဒိုနီးရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဒန်းဆက်စ် ၈၈ က ဖမ်းဆီးထားသည့်သူများ အားလုံးကို လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ အန်တန်ချာလီယန်က ပြောကြားသည်။

**ရိုက်တာ။**

# KfW Development Bank မှ ယူရို ငါးသန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ထောက်ခံမဲ ၅၀၆ မဲ၊ ကန့်ကွက်မဲ ခြောက်မဲ၊ ကြားနေမဲ ခြောက်မဲဖြင့် လွှတ်တော်က သဘောတူကြောင်းကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)ကို ၁၉၇၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရထားစက်မှုသင်တန်းကျောင်း (ရွာထောင်)ကို ဂျာမနီနိုင်ငံအစိုးရ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ GTZ အကူအညီဖြင့် ၁၉၈၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ မြန်မာ့မီးရထားတွင် အသုံးပြုနေသည့် ဒီဇယ်စက်ခေါင်းများ၏ နည်းပညာများမှာ ပိုမိုတိုးတက်ခေတ်မီလာသည့်အတွက် ဝန်ထမ်းများကို ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြားပေးရန် လိုအပ်လျက်ရှိပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့တွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)တိုးတက်ကောင်းမွန်ရေးစီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ငါးသန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယခု KfW Development Bank ချေးငွေ ယူရို ငါးသန်းအနက် ရထားစက်မှုသင်တန်းကျောင်း (ရွာထောင်) အဆင့်မြှင့်တင်ရန် ယူရို ၀ ဒသမ ၂၅ သန်းမှာ မလုံလောက်သဖြင့် ဂျာမနီနိုင်ငံအစိုးရ Grant ဖြင့် သင်ထောက်ကူပစ္စည်း ယူရို နှစ်သန်း ဖြည့်ဆည်းထောက်ပံ့ပေးရေး ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအတွက် Industrial Attachment Program ဖြင့် စက်ရုံတွင် စာတွေ့နှင့် လက်တွေ့လေ့လာခြင်းအစီအစဉ်များကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ့မီးရထား၌ ဒီဇယ်လျှပ်စစ်စက်ခေါင်းနှင့် ဒီဇယ်ဟိုက်ဒရောလစ် စက်ခေါင်းနှစ်မျိုး သုံးစွဲလျက်ရှိပါကြောင်း။ စက်ခေါင်းစက်ရုံ (အင်းစိန်)၌ ဒီဇယ်လျှပ်စစ်စက်ခေါင်းများ ပြင်ဆင်ပြီး ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)၌ ဒီဇယ်ဟိုက်ဒရောလစ် စက်ခေါင်းများကို Specialized အဖြစ် ပြင်ဆင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)၌ ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်းများသာမက ဒီဇယ်လျှပ်စစ်စက်ခေါင်းများကိုလည်း ပြုပြင်ပေးလျက်ရှိပါကြောင်း၊ KfW Development Bank ချေးငွေကို အကျိုးထိရောက်စွာ အသုံးချနိုင်ရေးအတွက် ချေးငွေ Guidelines သတ်မှတ်ချက်များရှိပါကြောင်း၊ အဆိုပါ Guidelines များအတိုင်း ချေးငွေကို စနစ်တကျအသုံးချနိုင်ရေးအတွက် ပညာရှင်များ ငှားရမ်းရေးကို တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်များနှင့်တိုင်ပင်၍ နိုင်ငံတကာတင်ဒါစနစ်ဖြင့် အချိန်နှင့်ငွေ လေလွင့်မှုမရှိစေရေးတို့ကို ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) တိုးတက်ကောင်းမွန်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ငါးသန်း ချေးယူရန်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ သဘောတူအတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းပြောကြားသည်။

ထို့ပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်း နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ငါးသန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှပေးပို့သည့် မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ငါးသန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူပြီး ထောက်ခံမဲ ၅၀၆ မဲ၊ ကန့်ကွက်မဲ ခြောက်မဲ၊ ကြားနေမဲ ခြောက်မဲဖြင့် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်၏ သဘောတူညီချက်ရယူ၍ သက်တမ်းတစ်နှစ် သတ်မှတ်ဖွဲ့စည်းခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ **အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာပူးပေါင်း ကော်မတီတို့၏သက်တမ်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်ထိ နောက်ထပ် တစ်နှစ် သက်တမ်းတိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍** လွှတ်တော်၏ သဘောထားဆန္ဒရယူလိုကြောင်းပြောကြားပြီး လွှတ်တော်၏ သဘောထားဆန္ဒရယူကာ အဆိုပါပူးပေါင်းကော်မတီများအတွက် နောက်ထပ်တစ်နှစ်သက်တမ်းတိုးမြှင့်နိုင်ရေးကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့ဝင် ၃၈ ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်းစဉ်က သက်တမ်းတစ်နှစ် သတ်မှတ်ထားသည့်အတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ကော်မရှင်အဖွဲ့ဝင်များအနက် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးကျင်ဖေအား ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုပါရန်နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးရဲမြင့်အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်သို့တင်ပြလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်း၊ အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခွင့်ပြုခြင်း၊ အစားထိုးခန့်အပ်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒရယူရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းကို ကန့်ကွက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒကို စက်ခလုတ်နှိပ်အသုံးပြုရယူရာ ထောက်ခံမဲ ၃၃၃ မဲ၊ ကန့်ကွက်မဲ ၁၈၉ မဲ၊ ကြားနေမဲ ခြောက်မဲဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိ**က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့်စပ်လျဉ်း၍ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP ကို ပုံမှန်ဈေးနှုန်းအရ ခုနစ်ရာခိုင်နှုန်းတိုးတက်ရန်လျာထားသည်ကို တွေ့ရပါကြောင်း။

ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် ဖော်ပြထားရာ ရည်မှန်းချက်များ ပြည့်မီနိုင်ရေးအတွက် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးရဲထွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၆)မှ ဒေါ်နန်းနီနီအေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးကျော်ကျော်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်တို့ကလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် အချို့စီမံကိန်းလုပ်ငန်းများကို ပြင်းပယ်ရန်နှင့် လျှော့၍ခွင့်ပြုရန်အဆိုများ ပါဝင်နေသည့်အတွက် လိုအပ်ပါက ပူးပေါင်းကော်မတီနှစ်ရပ်၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပြီး ပိုမိုကောင်းမွန်သည့်ပြင်ဆင်ချက်များရရှိပါက အဆုံးအဖြတ်ရယူရာတွင် တစ်ပါတည်းတင်ပြအတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင်ပါရှိသည့် မူသဘောအကြံပြုချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်ကို လာမည့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအပေါ် အတည်ပြုခြင်း၊ ပြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ၂၀၁၇ ခုနှစ် မတ် ၆ ရက်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

**(သတင်းစဉ်)**



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

---

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသော မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်သီတာထွန်း ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ မဲဆန္ဒနယ် သတ်မှတ်ကြေညာခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် စိစစ်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား စစ်ဆေးခြင်းနှင့် အယူခံမှုများအား စုံညီခုံရုံးဖြင့် စစ်ဆေးခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က လွှတ်တော် (၃)ရပ် ဖွဲ့စည်းမှု၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာစာအက္ခရာများကို ပြောင်းပြန်ရေးသားနေကြသူများ စနစ်တကျဖြစ်ရန် တားမြစ်ဖို့လိုပြီ

မောင်ထိန်ဝင်း(သစ်တော)

စာပေသည် လူမျိုးတည်တံ့ရေးအတွက် အသက်သွေးကြောဖြစ်သလို နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း လွန်စွာအရေးပါအရာရောက်သော လက်နက်ကောင်းဖြစ်သည်။ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရင့်ကျက်ကြသူတိုင်းသည် မိမိတို့၏အမျိုးသားစာပေကို အမြတ်တနိုးပြုစုအားပေးကြသည်။ မွမ်းမံခြယ်သတိုးမြှင့်ကြသည်။ အမျိုးသားစံ အမျိုးသားဟန်ကျသော အမျိုးသားစာပေစစ်စစ်အဖြစ် အဓွန့်ရှည်ကြာတည်တံ့ရေးအတွက် အလေးထားလုပ်ဆောင်ကြသည်။

"အစကောင်းမှ အနှောင်းသေချာသည်"ဟူ၍ ဆိုကြသည်။ မည်သည့်အရာ၊ မည်သည့်ကိစ္စတွင်မဆို အစမရေရာလျှင် အနှောင်းမသေချာတတ်ပေ။ အထူးသဖြင့် မိမိတို့ တစ်သက်တာလုံး ထင်ဟပ်ပါရှိသွားမည့် စာပေရေးရာကိစ္စမျိုးတွင် အစကောင်းရန် ပို၍အရေးကြီးမည်ဖြစ်သည်။ အခြေပါဒသင်ဦးစက နည်းနာတကျ စနစ်ကျပါမှ ရှေ့စခန်းလမ်းသာမည်ဖြစ်သည်။ ပျိုးခင်းမသန်လျှင် သီးမျိုးဝေဆာရန် အကြောင်းမရှိ ဖြစ်ချေသည်။

**ရှေးပညာရှိ ကဝိအကျော်တို့၏ ထုံး**

ရှေးပညာရှိ ကဝိအကျော်လူတော်လူမော်တို့သည် ဤကဲ့သို့သော လူ့သဘာဝ၊ လူ့လောကကို ငုံမိခဲ့ကြဟန်တူသည်။ ထို့ကြောင့် မိမိတို့အထံ တပည့်သားမြေးများ ကျောင်းအပ်နှံ၍ စာသင်ခန်းတွင်း ဝင်ကြပြီဆိုသည်နှင့် "ကံ့ကူလက်လှည့်" သင်ပြပေးကြပေတော့သည်။

**ကံ့ကူလက်လှည့်ဆရာဟူသည်**

"ကံ့ကူလက်လှည့်ဆရာ"ဆိုသည်မှာ ငယ်ဆရာဖြစ်သည်ဟူ၍ လူအများက နားလည်နေကြသည်။ ဤဆရာမျိုးတို့သည် တပည့်များအား စာပေသင်ကြားပေးကြရာ၌ စေတနာပါလှပေသည်။ စိတ်ရှည်လှပေသည်။ စာရေးသားနည်း နည်းစနစ်ကိုသင်ကြားပြသပေးကြရာ၌ လက်ညှိုးညွှန်ပြီး လမ်းပြပေးလိုက်ရုံတွင်မနေဘဲ ဖဝါးခြေထပ်ဦးဆောင်လိုက်ပို့ပေးကြသူများဖြစ်သည်။

**စာရေးကျင့်စ တပည့်ငယ်ကို စနစ်တကျလက်ထပ်သင်ပြနည်း**

စာအရေးကျင့်စ တပည့်ငယ်ကို၊ လက်တွင်ကံ့ကူဆံကိုင်စေပြီး ဆရာ၏လက်က အပေါ်မှအုပ်ကိုင်ကာ ကျောက်သင်ပုန်းချပ်ပေါ်၌ အက္ခရာ "က" မှစပြီး ရေးနည်း၊ ဆွဲနည်း၊ ငင်နည်းတို့ကို ရှေးမြန်မာ့ဟန်တကျ မူမှန်စနစ်ကျအောင် သင်ပြကူညီပေးပေသည်။ ထိုမှစ၍ "လက်ထပ်သင်နည်း" ဟူသည့်မြန်မာဝေါဟာရတစ်ရပ် မြန်မာစာပေတွင် ပေါ်လာခဲ့ရသည်။

နံရံတွင်ချိတ်ဆွဲထားသော ကျောက်သင်ပုန်းဘောချပ်ပေါ်တွင် မြန်မာအက္ခရာဗျည်း သရများကို ရေးသားပြပြီး "ဒါကို ကြည့်ပြီး တူအောင်လိုက်ရေးကြ" ဟု အမိန့်ပေးခိုင်းစေခြင်းမျိုးမဟုတ်ဘဲ စာလုံးရေးနည်း၊ ဆွဲနည်း၊ ငင်နည်းတို့ကို စနစ်ကျနအောင် သင်ကြားပြသပေးသော "ကံ့ကူလက်လှည့်သင်ကြားနည်း"ဖြစ်ပေသည်။

**မြန်မာရေးသောမြန်မာစာစစ်စစ်**

နယ်ချဲ့လက်အောက် ကျွန်သပေါက်မဖြစ်မီ တစ်ချိန်လုံးတွင် ဤကဲ့သို့သော ပညာရှိကဝိအကျော်လူတော် လူမော် ဆရာကောင်းဆရာမွန်တို့၏ ကျေးဇူးကြောင့် မြန်မာစာရေးသားရာတွင် အဆွဲအငင်တို့ မြန်မာနည်းကျခဲ့ရ၏။ အတင်အစီးမှန်ခဲ့ရ၏။ အဆီးအမြစ်တို့လှခဲ့၏။ အပင့်အရစ်တို့ မြန်မာ့ဟန်ဆောင်ခဲ့၏။ အသတ်လှပြီး တံခွန်အလွှားမှန်ခဲ့သည်ဖြစ်၍ မြန်မာကရေးသော မြန်မာစာသည် မြန်မာ့နည်း မြန်မာ့ဟန် အပီအတည်ကျခဲ့၏။

**မြန်မာ့အက္ခရာ မြန်မာစာ**
**မြန်မာနည်း မြန်မာဟန်ကျစေရန်**

ဤတွင် မြန်မာ့အက္ခရာစာပေရေးသားရာတွင် လိုက်နာအပ်သော မြန်မာ့နည်း မြန်မာ့ဟန်ကို ဖော်ပြလိုသည်။

မြန်မာစာပေမြန်မာအက္ခရာရေးသားနည်းတစ်ရပ်လုံးကို ခြုံငုံ၍ကြည့်လျှင် **အဆွဲ၊ အငင်၊ အတင်၊ အစီး၊ အဆီး၊ အမြစ်၊ အပင့်၊ အရစ်၊ အသတ်** ဟူသည့်အချက်ကြီး ကိုးရပ်ကို တွေ့ကြရမည်ဖြစ်ပါသည်။

မြန်မာ့ဗျည်းသရများကို ရေးသားရာ၌ မြန်မာ့နည်း မြန်မာ့ဟန်ကျသော **"ဆွဲနည်း"** မှာ အောက်မှအထက်သို့ ညာရစ်**"ဆွဲ"**သာဖြစ်သည်။ အပေါ်မှအောက်သို့ဆွဲချခြင်းမဟုတ်ပါ။ မြန်မာစာအက္ခရာအားလုံးတို့၏ အခြေခံဖြစ်သော **"ဝ"** (ဝလုံး)ကို ရေးသားရာ၌ အောက်ခြေမှစကာ ညာရစ်ပတ်ပြီး ရေးသူဘက်သို့ **"ဆွဲ"**ချရသည် ဖြစ်ပါသည်။ ထိုကဲ့သို့ဆွဲပါက ရေးအားလည်းပိုကောင်းပြီး လက်ကိုလည်း ပိုပြီးထိန်းအား တောင့်စေပါသည်။

**"အငင်"**မှာ တစ်ချောင်းငင်နှင့် နှစ်ချောင်းငင်ဖြစ်ပြီး ရေးသားရာ၌ အပေါ်မှအောက်သို့ တည့်တည့်မတ်မတ်ဆွဲချရပါသည်။ အက္ခရာတစ်လုံးအောက်မှ ငင်ခြင်း(ပုံစံ-ကု၊ ကူ)နှင့် ဘေးမှငင်ခြင်း(ပုံစံ-ကျု၊ ကျူ)ဟူ၍ **"အငင်"**နှစ်မျိုးရှိပါသည်။ **"အငင်"**ဟူသော ဝေါဟာရမှာ ဆွဲငင်ခြင်းကို ဆိုလိုပါသည်။ ဆွဲရာမှ ငင်လိုက်ငင့်လိုက်သော တစ်ဆက်ချီးမျိုးဖြစ်ပါသည်။ တစ်ချောင်းငင်ကိုကြည့်လျှင် မူလအက္ခရာ၏အောက်မှ "ထောက်"ထားသည့် (ပုံစံ-ကု)ပုံစံမျိုးမဟုတ်ပါ။ အက္ခရာအောက်မှ အချောင်းတံတစ်ချောင်းဆွဲချပြီး အဖျားပိုင်းအရောက်၌ အကောက်အချိတ်သဏ္ဍာန်(ပုံစံ-ကု)ရေးသားပါမှ မူမှန်ဖြစ်ပါသည်။

**"အတင်"**မှာ သေးသေးတင်(ပုံစံ-ကံ)နှင့် လုံးကြီးတင်(ပုံစံ-ကိ)ဟူ၍ နှစ်မျိုးရှိပါသည်။ ဝေါဟာရအခေါ်အဝေါ်နှင့်လိုက်အောင် အက္ခရာတစ်လုံးအပေါ်တွင် သေးသေးတင်ကို သေးသေး၊ လုံးကြီးတင်ကို ကြီးကြီးတင်ရမည်ဖြစ်သည်။

**"အစီး"**မှာလည်း နှစ်မျိုးရှိသည်။ သုဒ္ဓကင်းစီး(ပုံစံ-က်)နှင့် မိဿကကင်းစီး(ပုံစံ-ကၠ)ဟူ၍ဖြစ်သည်။ (်)ဤသင်္ကေတကို မြန်မာမှုပြုကြရာ၌ **"ကင်းစီး"**ဟုခေါ်ဆိုထားခြင်းမှာ ကင်းမြီးကောက်ကောင်၏ ဟန်သဏ္ဍာန်စရိုက်ကဲ့သို့ ကောက်ကောက်ကလေးဖြင့် အထက်စီးယူထားသောကြောင့် အနွတ္တနွယ်ဖြစ်ဟန်တူပါသည်။ ဤကင်းစီးကိုရေးဆွဲရာ၌လည်း အောက်မှအထက်သို့ မူမှန်တက်ရမည်ဖြစ်ပါသည်။ အောက်ခံစာလုံးထက် ထက်ဝက်မျှမကသေးပေးရမည်လည်းဖြစ်သည်။

**"အဆီး"**မှာ အက္ခရာ၏ ရှေ့ဆီး(ပုံစံ-ကး) ဖြစ်ပါသည်။ ဤသင်္ကေတသည် ပုဂံခေတ်တွင်မရှိသေး၊ မရေးကြသေးပါ။ ပုဂံခေတ်ထိုးကျောက်စာများတွင် "ကျန်စစ်သား"ဟု ရေးလိုလျှင် "ကျန်စစ်သာ" ဟု ရှေ့ဆီးမဲ့ရေးသားကြသည်။ ထိုခေတ်နောက်ပိုင်းတွင်မှ သက္ကတဘာသာကျွမ်းကျင်သည့် စတုရင်္ဂဗလစသူကဲ့သို့ ပညာရှိများက နာဂရီအက္ခရာ(အး) စသည်မှ (-း) ကို အတုလိုက်၍ မြန်မာစာပေတွင် ရှေ့ဆီး(-း) ထည့်သွင်းလာကြသည်ဟု ပညာရှိများ မှတ်ယူကြောင်း လေ့လာရပါသည်။ ဤသင်္ကေတ (-း) ကိုလည်း "ဝစ္စ" နှစ်လုံးပေါက်ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ပါဠိဘာသာ "ဝစ္စ" ဟူသည် ကျင်ကြီးမလထွက်ရာ (စအိုပေါက်) ဖြစ်သောကြောင့် အပေါက်ဝိုင်းသေးသေးနှစ်လုံးတန်းလျက်ဆင့်သည်ကို "ဝစ္စနှစ်လုံးပေါက်"ဟု ခေါ်ဆိုကြခြင်းမှတ်ယူရပါသည်။ အမှန်ကို ကြံဆကြရပါသော် ပါဠိသဒ္ဒါအလို "ဝိသဇ္ဇနီ" (အာစောက်သံဖြင့် လွှတ်ပေးလိုက်သော အသံသင်္ကေတ)ဖြစ်၍ 'နီ'နှင့် 'ဇ' တစ်လုံးကို လောပနည်းဖြင့် ချေလိုက်ပြီး၍ ကျန်"ဇ"ပေါ်တွင် တံခွန်လွှားကာ မွေးစားယူသော "ဝိသဇ်" ဟူသည့် စကားလုံးသည်သာ ပါဠိသတ်အမှန်ဖြစ်ပါသည်။ ဤ၌ ဝိသဇ်နှစ်လုံးတို့တွင် အောက်အလုံးက စပေါက်(း)ခြင်းသည်သာ စနစ်ကျမည်ဟု ဆိုပါသည်။

**"အမြစ်"**မှာ အောက်မြစ်၊ အောက်ကမြစ်(ု)ဖြစ်ပါသည်။ ဤအောက်မြစ်သည် အချို့နေရာ၌ "၏"သဘောဆောင်ပါသည်။ ဥဒါဟရုဏ်အားဖြင့် "ကျွန်တော်၏စာအုပ်"ကို "ကျွန်တော့်စာအုပ်"ဟု ရေးနိုင်ပါသည်။ သို့ပါသော် "ကျွန်တော့စာအုပ်" ဟူ၍ကား မရေးနိုင်ပါ။ "ကျွန်တော်"ဟု ဝိုက်ချအပေါ်မှ အသတ်တင်ပေးရန် လိုပါသည်။

**"အပင့်"** ဆိုသည်မှာ ယပင့်(ျ) ဖြစ်သည်။ အထုပ်အပိုးပစ္စည်းတစ်ခုခုကို အောက်မှနေ၊ မပေး၊ ပင့်ပေးသကဲ့သို့ အက္ခရာစာလုံးတစ်ခုခုကိုလည်း အောက်ကနေ (ယ)ဖြင့်မထား၊ ပင့်ထားပေးခြင်းမျိုးဖြစ်ပါသည်။ ပင့်ပုံကို ပုဂံခေတ်ကျောက်စာများ၌ **"တွန်"**၊ "မြေ" စသည်ဖြင့် တွေ့ရှိနိုင်ကြမည်ဖြစ်ပါသည်။ **"ယပင့်"**ဟုခေါ်ဝေါ်သုံးနှုန်း ကြသောဝေါဟာရနှင့် **"ယပင်း"** ဟုခေါ်ဝေါ်သော ဝေါဟာရနှစ်မျိုးတွင် ပညာရှိကြီးများက **"ယပင့်"** ဟူသော ဝေါဟာရကို နှစ်သက်ကြပါသည်။

**"အရစ်"**မှာ ရကောက်ကို အက္ခရာစာလုံးတစ်ခုခု၌ ခွေပတ်ပေးထားခြင်းသာ ဖြစ်ပါသည်။ တိုင်းရင်းသား ရခိုင်လူမျိုးများသည် ရရစ်စာလုံး(ပုံစံ-ကြီး)ကို အသံထွက်ရာ၌ မူရင်းအက္ခရာနှင့်အရစ်ကိုခွဲခြား၍ အသံထွက်ပါသည်။ (ပုံစံ-ကြီး=ကရီး)ဟူ၍ ဖြစ်သည်။ထို့ကြောင့် ရခိုင်အမျိုးသားတို့တွင် အပင့်အရစ်ကွဲပြားသိသာသည်ဖြစ်၍ "ပင့်ရစ်မနိုင် ရခိုင်မေး" ဟု ဆိုရိုးပြုခဲ့ကြပါသည်။

**"သီရိခေတြာ၊ ဂြိတြိဘုဝနာဒိတျမွေရာဇ်"** စသည်တို့၌လည်း **"တြာ-တရာ၊ တြိ-တရိ"** ဟုခွဲ၍ အသံထွက်ရပါသည်။ လက်ရှိခေတ် မြန်မာစာပေတွင်မူ အများအားဖြင့် အရစ်သံသီးခြားမထွက်ကြတော့ပါ။ ဤရရစ်ကို ရေးသားကြရာ၌လည်း ရစ်လိုသည့် မူရင်းအက္ခရာ၏ အောက်ပိုင်းအစွန်းမှနေ၍ အထက်သို့ ညာရစ်ဆွဲ၍ရေးရပါသည်။ ဤသို့ရေးရခြင်းသည်သာ မြန်မာ့နည်းကျရေးသားနည်းအမှန်ဖြစ်ပြီး စာလည်းလှပါသည်။ အရစ်ကို အပေါ်မှအောက်သို့ ဆွဲချပြီး မရေးရပါ။ မြန်မာ့နည်းမဟုတ်ပါ။

**"အသတ်"** ကိုတင်ရာ၌လည်း အောက်မှအထက်သို့ ညာရစ်ဆွဲ၍ ရေးရပါသည်။ အပေါ်မှ အောက်သို့ ပြောင်းပြန်ပြန်ဆွဲမချရပါ။ ရှေးခေတ်သင်ပုန်းကြီးသင်နည်းတွင် ရေးနည်းနှင့် အသံထွက်ရိုးရိုးတွဲစပ်ဖော်ထုတ်ထားပါ၍ ရှေးနည်းအမှန်ပေါ်လွင်လျက်ရှိပါသည်။ (ပုံစံ-ကကြီးရေးကသတ် ကက်၊ ကကြီးရေးငသတ် ကင်) စသည် ဖြစ်၏။ ဤတွင် "ကကြီးကို အရင်ရေး၊ ပြီးတော့ ငရေး၊ ထို ငအပေါ်အသတ်တင်" ဟုရေးသားနည်းအမှန်ကို စနစ်တကျအစီအစဉ်တကျ ပြောပြညွှန်ကြားလျက်သားရှိနေ၏။ ဤသည်မှာ မြန်မာစာသင်ပုန်းကြီးသင်နည်းအရ ပါးစပ်ကဆို၍ ဆိုသည့်အစီအစဉ်အတိုင်း လက်က လိုက်၍ ရေးရန် သင်ကြားနည်းအမှန် သင်ပြပေးခြင်းဖြစ်သည်။

**အက္ခရာအပေါ် တံခွန်လွှားရာတွင်**

အက္ခရာအပေါ် တံခွန်လွှားရာ၌ (အက္ခရာအပေါ် အသတ်တင်ရာ၌) အသတ်ရှည်ကြီးများ ကော့ပျံ၍ တင်ကြသည်ကို တွေ့ရ၏။ "ဘုန်းတော်" ဆိုပါလျှင် အသတ်အရှည်ကြီးများတင်၍ ရေးသားကြပါသည်။ ဤတွင် ဆိုလိုသည်မှာ အသတ်ကို အောက်ကနေ၍ ညာရစ်စရေးပါမှ ကိုယ်လိုချင်သလောက်ရှည်ရှည်ဆွဲရန် လွယ်ကူကြောင်းနှင့် ဤအသတ်ရှည်ကြီးများက ယင်းအသတ်ကို အောက်ကနေအထက်သို့ ညာရစ်ဆွဲနည်းကသာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူအစစ်ဖြစ်ကြောင်း သာဓကထူနေပါသည်။

> **မြန်မာစာကို မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူ စနစ်တကျရေးသားတတ်ကြပါမှ လက်ရေးလက်သား တကယ်ကောင်းနိုင်မည်ဖြစ်သည်။ ရှေးက စာပေပညာရှင်ကြီးများ ရေးသားပြုစုသော ကျမ်းစာများကို ပေရွက်၊ စာရွက် စသည်တို့အပေါ်တွင် ရေးသားထားရှိကြသည်မှာ စနစ်ကျနလှသည်ဖြစ်၍ ပုံနှိပ်စာလုံးများနှင့်မခြား သပ်ရပ်ညီညာသေသပ်စွာ ရှိခဲ့ကြ။**

**မြန်မာစာကို မြန်မာလိုရေးတတ်ကြပါမှ**

ဤသို့ အကျဉ်းအားဖြင့်တင်ပြသည်တို့မှာ ရှေးခေတ်မြန်မာ့စာပေသမိုင်းလာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူ စနစ်တကျ **"ဆွဲနည်း၊ ငင်နည်း၊ တင်နည်း၊ စီးနည်း၊ ဆီးနည်း၊ မြစ်နည်း၊ ပင့်နည်း၊ ရစ်နည်းနှင့် သတ်နည်း"** တို့ပင် ဖြစ်ပါသည်။

ဤကဲ့သို့ မြန်မာစာကို မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူ စနစ်တကျရေးသားတတ်ကြပါမှ လက်ရေးလက်သား တကယ်ကောင်းနိုင်မည်ဖြစ်သည်။ ရှေးက စာပေပညာရှင်ကြီးများ ရေးသားပြုစုသော ကျမ်းစာများကို ပေရွက်၊ စာရွက် စသည်တို့အပေါ်တွင် ရေးသားထားရှိကြသည်မှာ စနစ်ကျနလှသည်ဖြစ်၍ ပုံနှိပ်စာလုံးများနှင့်မခြား သပ်ရပ်ညီညာသေသပ်စွာ ရှိခဲ့ကြပါသည်။

**ယနေ့ခေတ် မြန်မာစာရေးသားခြင်းမှာ**

များသောအားဖြင့် ယခုခေတ်ကျောင်းသားများနှင့် အချို့အချို့သောလူတို့၏ မြန်မာစာရေးသားနည်းတို့သည် အထက်တွင် ဖော်ပြခဲ့ပြီးသော မြန်မာနည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူနှင့် ဆန့်ကျင်ဖီလာ ပြောင်းပြန်ဖြစ်နေကြကြောင်း တွေ့မြင်နေကြရပါသည်။

**"ဝ"** ဝလုံးကို အပေါ်မှအောက်သို့ ဘယ်ရစ်ဆွဲပြီး ဘယ်ရစ်ပြန်တက်ရေးသားနေကြသည်။ အင်္ဂလိပ်စာ**"0"**ကို ရေးနည်းအတိုင်း ရေးနေကြသည်။ မြန်မာအက္ခရာ **"င"** ကိုလည်း အင်္ဂလိပ်စာ **"C"** ကိုရေးသားသကဲ့သို့ အပေါ်ကအောက်ဘက်ရစ်ဆွဲ၍ ရေးနေကြသည်။ **"င်"** ငသတ်ကိုရေးရာ၌လည်း အပေါ်ကအောက်သို့ပင် ဘယ်ရစ်ဖြင့် ဆွဲချကြသည်။ ၎င်းတို့ရေးပုံအရ ဆိုပါသော် "ငသတ်" မဟုတ်တော့၊ "အသတ်င" ဖြစ်နေပါသည်။ "ရရစ်" ပြန်တော့လည်း အပေါ်ကအောက်သို့ ပြောင်းပြန်ရစ်ချပါလေသည်။ "သ" ကိုပင် အောက်ကအထက်သို့ ဘယ်ဆွဲဘယ်ရစ်ဆွဲတင်နေကြလေပြီ။ ဤသို့စသည်အားဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူနှင့် ဆန့်ကျင်ပြောင်းပြန်လှန်၍ ရေးသားနေကြသည်ကို စိတ်မချမ်းသာဖွယ် မြင်တွေ့နေကြရပြီ။

ဤကဲ့သို့ မြန်မာစာအခြေခံရေးသားနည်းများက ကမောက်ကမဖြစ်နေပုံများနှင့်စပ်၍ ဆင်ခြင်ကြည့်မိရာတွင် အင်္ဂလိပ်စာလုံးများ ရေးနည်းရေးဟန်တို့ကို တွေ့မြင်မိလေသည်။

အင်္ဂလိပ်စာလုံးရေးနည်း၊ တွဲနည်းကို အနည်းငယ်တင်ပြရပါလျှင် မြန်မာစာလုံးရေးသားနည်းနှင့် ဆန့်ကျင်ဖီလာပြောင်းပြန်ကျကြောင်း သိသာနိုင်မည်ဖြစ်ပါသည်။ လက်ရေးအင်္ဂလိပ်စာလုံးကိုရေးဆွဲသည့်အခါတွင် များသောအားဖြင့် အပေါ်မှ အောက်သို့ဘယ်ရစ်ဖြင့်ဆွဲရပါသည်။ ဥပမာ-a,b,c,d,e,f,g,book,border,bootee, chalk,literature စသည်တို့ကို ရေးဆွဲကြည့်ပါ။ အင်္ဂလိပ်စာ ၉၀ ရာခိုင်နှုန်းကျော်ကျော်မှာ အပေါ်မှအောက် ဘယ်ရစ်ဆွဲသာများပါသည်။

ယခင်ခေတ် ခရစ်ယာန်သာသနာပြုကျောင်းများတွင် မြန်မာစာကိုသင်ကြားရာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူအတိုင်း အောက်မှ အထက်ညာရစ်ဆွဲကို သင်ကြားပေးပါက အင်္ဂလိပ်စာရေးသားရာတွင် အခက်အခဲတွေ့မည်ဖြစ်၍ အကျပ်တွေ့ခဲ့ကြပါသည်။

လက်ရေးသင်စကလေးများကို ဆွဲနည်း၊ ငင်နည်း၊ ရစ်နည်း စသည် လက်လိုက်ရန်(လက်သားကျရန်) များစွာလိုအပ်သဖြင့် မြန်မာစာရေးရာ၌ လက်ဆွဲဟန်တစ်မျိုး၊ အင်္ဂလိပ်စာရေးရာ၌ လက်ဆွဲဟန်တစ်ဖုံ မဖြစ်စေရန် မြန်မာစာရေးနည်းကိုပယ်ပြီး အင်္ဂလိပ်စာရေးဟန်အတိုင်း အသတ်အရစ်စသည်တို့ကို အပေါ်မှအောက်သို့ ဘယ်ရစ်ဆွဲချရေးစေခဲ့ကြပါသည်။ အင်္ဂလိပ်စာသန်သူဆရာတို့ အကျင့်ဖြစ်နေ၍ အပေါ်မှအောက်သို့ ဘယ်ရစ်ဆွဲချပြီး မြန်မာစာလုံးများကိုပါ ရေးသားခဲ့ကြရာမှ ထိုနည်းမှား လမ်းမှားကျယ်ပြန့်လာခဲ့ဟန်တူပါသည်။

သို့ပါသောကြောင့် ယနေ့ ပြောင်းလဲချိန်တန်သော ဒီမိုကရေစီခေတ် ပညာရေးစနစ်မှစ၍ မြန်မာစာအက္ခရာများကို ပြောင်းပြန်လှန်ရေးသားနေကြသူများ စနစ်တကျပြန်ဖြစ်ကြစေရန် တားမြစ်၍ လေ့ကျင့်သင်ကြားပေးသင့်ပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

**"မြန်မာနိုင်ငံမှာ မြန်မာစာစစ်စစ်ရေးဖြစ်နိုင်ကြပါစေ"**

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကလေးတွေအနာဂတ်လှပဖို့ နွေကျောင်းပိတ်ရက်ကိုအသုံးချစို့

**ဝေဖြိုးဟန်(အင်းစိန်)**

ယခုဆိုလျှင် အခြေခံပညာကျောင်းစာမေးပွဲများကတော့ ပြီးစီးခဲ့လေပြီ။ စတုတ္ထတန်းနှင့် အဋ္ဌမတန်းများကို အစိုးရစစ်ဖြေဆိုကြရသည်။ အရည်အချင်းတကယ်ရှိသည့် ကျောင်းသား ကျောင်းသူလေးများ နောက်တစ်တန်းသို့ လွယ်ကူစွာ တက်ရောက်နိုင်မည်ဖြစ်သကဲ့သို့ ပေါ့ပေါ့တန်တန်နေခဲ့ကြသော ကျောင်းသားများအဖို့ စာမေးပွဲကျရှုံးခြင်းတည်းဟူသော ရလဒ်နှင့်ရင်ဆိုင်ကြရပေလိမ့်မည်။ ယခင်ကလို တန်းလုံးကျွတ်အောင်စနစ်မဟုတ်တော့ပေ။ လေးတန်းနှင့် ရှစ်တန်းကို ယခုကဲ့သို့ အစိုးရစစ်ပြောင်းလဲကျင့်သုံးပြီး အရည်အချင်းစစ်ထားလိုက်ခြင်းသည် နောင်တစ်ချိန် တက္ကသိုလ်ဝင်တန်း၌ ပိုမိုထူးချွန်စေရန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများသာမက မိဘများ၌ပါ တာဝန်ပိုရှိလာပါသည်။ မိမိတို့၏ သားသမီးများကို ပညာတကယ် တတ်မြောက်စေချင်လျှင် ဂရုတစိုက်ပြုစုပျိုးထောင်ပံ့ပိုးပေးနိုင်ဖို့ အရေးကြီးလာပါသည်။

မကြာခင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး စတင်တော့မည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးသည် ကျောင်းသား ကျောင်းသူများအားလုံး၏ အရေးအကြီးဆုံးသော ဘဝတိုက်ပွဲကြီးလည်းဖြစ်သည်။ ထိုနည်းတူ မိဘများအတွက်လည်း မိမိသားသမီးများ ရှေ့ရေးကို အဆုံးအဖြတ်ပေးမည့်စာမေးပွဲမို့ ထပ်တူရင်ခုန်ကြရသည်။ ဤစာမေးပွဲကြီး၏ ရလဒ်ပေါ်မူတည်ပြီး တက္ကသိုလ်ပညာရေးကို ခရီးဆက်နေကြရဆဲဖြစ်သည်။ ယခုဆို ဆယ်တန်းကျောင်းသား ကျောင်းသူများ စာတွေကျက်နေကြရပြီ။ သင်ခန်းစာတိုင်းကို အပြန်ပြန်အလှန်လှန် ပြန်လှန်သင်ကြားခြင်းတွေလုပ်နေကြရပြီ။ ဆရာ ဆရာမများလည်း အပင်ပန်းခံပြီး သင်ပေးနေကြရပြီ။ ကျောင်းသားမိဘများလည်း အလုပ်ရှုပ်နေကြရပြီ။ သားသမီးများ စာမေးပွဲဖြေဆိုကြသည့်အခါ အမှတ်ကောင်းကောင်းနှင့်အောင်မြင်ရေး၊ ကျန်းကျန်းမာမာနှင့် စာတွေကျက်နိုင်ရေး သူတို့လည်း ပင်ပန်းကြရသည်။ တစ်ဖက်က စီးပွားရှာရ၊ ထမင်းဟင်းချက်ရ၊ အိမ်မှုကိစ္စလုပ်ရ၊ သားသမီးကျောင်းပို့၊ ကျောင်းကြို (ကျူရှင်ပို့၊ ကျူရှင်ကြို)လုပ်ရနှင့်မအားလပ်အောင် ဖြစ်နေကြမှာ အမှန်ပင်ဖြစ်သည်။ ကလေးတွေစာမေးပွဲပြီးမှသာ သူတို့လည်း သက်ပြင်းချနိုင်ကြမှာဖြစ်သည်။

ကျောင်းသားတစ်ယောက်ရှိသည့် မိသားစုအတွက် ကျောင်းသားတွေစာမေးပွဲ ပြီးမြောက်သောအချိန်သည် ပျော်ရွှင်စရာ အကောင်းဆုံးအချိန်ပင်ဖြစ်၏။ တစ်နှစ်တာပတ်လုံး စာတွေနှင့် နပန်းလုံးခဲ့ကြရသည့် သားသမီးများအတွက် စိတ်အပန်းဖြေရန် ခရီးတွေထွက်ကြသည်။ ဘုရားဖူးခရီး၊ အပန်းဖြေခရီး၊ အပျော်ခရီးစသည်ဖြင့် မိသားစုလိုက်သွားကြသည်။ တစ်ခါတလေ အဘိုး အဘွားများနေထိုင်ကြသည့် တစ်နယ်တစ်ကျေးသို့ သွားရောက်လည်ပတ်ကြတာမျိုးတွေလည်း ရှိတတ်ကြသည်။

သို့ရာတွင် မိဘအများစုအနေဖြင့် စာမေးပွဲများပြီးဆုံးသွားသည့်အခါ နွေရာသီကျောင်းပိတ်ရက်ရောက်တာနှင့် တစ်ပြိုင်နက် ကျောင်းကိစ္စများ၊ နေ့စဉ်တာဝန်တစ်ရပ်ဖြစ်နေသော ကလေးဝေယျာဝစ္စများ ခေါင်းထဲက ထုတ်လိုက်ကြသည်။ ကလေးတွေလည်း ဆော့ချင်သလိုဆော့၊ လည်ချင်သလိုလည်၊ သူတို့လည်း နားနားနေနေ၊ သက်သောင့်သက်သာနေနေကြသည့် မိဘများကိုတွေ့ရသည်။ တချို့မိဘများကတော့ ကိုယ့်သားသမီးလေးများအတွက် စဉ်းစားပေးကြသည်။ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်အောင် အင်္ဂလိပ်စာသင်ပေးရမလား၊ ကွန်ပျူတာသင်ပေးရမလား၊ ဒါမှမဟုတ် ကျန်းမာရေးအတွက် အားကစား နည်းတစ်ခုခု သင်ပေးလျှင်ကောင်းမလားနှင့် ခေါင်းစားကြပြန်သည်။ တချို့မိဘများကျတော့လည်း ပညာလောဘတတ်ကြပြန်သည်။ သူများကလေးတွေထက် ကိုယ့်ကလေးကိုပိုပြီး တော်စေ၊ တတ်စေချင်လွန်းသည့်စိတ်က ပြင်းပြကြသည်။

> **မိဘများအနေဖြင့်လည်း မိမိတို့ဖြစ်စေချင်တာထက် သားသမီးများ၏ ဖြစ်ချင်ကြသည့် ဆန္ဒကို မတိမ်းမစောင်းအောင် ထိန်းကျောင်းပြုပြင်ပြီး အကောင်းဆုံးပံ့ပိုးပေးကြပါ။ တိုင်းပြည်အနာဂတ်သည် လူငယ်ကျောင်းသား ကျောင်းသူလေးများ၏ လက်ထဲ၌ရှိနေပါသည်။ သူတို့လေးများ၏ဘဝမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေးကိုင်းရှိုင်းမှု၊ ယဉ်ကျေးလိမ္မာမှု၊ ကိုယ်ကျင့်စာရိတ္တကောင်းမွန်မှု၊ ကိုယ်ချင်းစာနာတတ်မှုစသည့် ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပြည့်စုံနေကြမှသာလျှင် အနာဂတ်ကမ္ဘာကြီး လှပငြိမ်းချမ်းနေမှာဖြစ်ပါကြောင်း။**

မနေ့တစ်နေ့ကမှ စာမေးပွဲပြီးသွားလို့ ပျော်နေရှာသည့် ကလေးကို နောက်နှစ်အတွက်ကြိုပြီး ကျူရှင်ထားကြသည်။ ကိုယ့်သားသမီးကို အနားယူချိန်၊ စိတ်အပန်းဖြေချိန် တောင်မပေးဘဲ သူတို့ဆန္ဒနှင့်အညီ ပြုမူကြတော့သည်။ သားသမီးဆိုတာကလည်း မိဘစီစဉ်မှုကို ငြင်းဆန်၍မရ။ မိဘပြောသည့်အတိုင်း မလုပ်ချင်လုပ်ချင်၊ မသွားချင်သွားချင်နှင့် ကျူရှင်တက်ကြရသည်။ နောက်နှစ်အတွက် သင်ခန်းစာတွေကြိုပြီး ကျက်ရ၊ မှတ်ရလုပ်ကြရပြန်သည်။

ကလေးတစ်ယောက်အတွက် ဦးနှောက်ကို ထိုက်သင့်သည့် အနားယူချိန်မပေးဘဲ ဆက်တိုက်ခိုင်းစေထားခြင်းသည် ကောင်းမွန်သည့်ရလဒ်တော့ မဟုတ်တန်ပေ။ ဒီကလေး စာတော်ကောင်းတော်ပေလိမ့်မည်။ သို့သော် လူမှုပတ်ဝန်းကျင်နှင့် ဆက်ဆံရေးညံ့ဖျင်းသွားတတ်ပါသည်။ ဘာသာရေးအသိတရား နည်းပါးနေတတ်ပါသည်။ ရိုးရာယဉ်ကျေးမှုကို မည်ကဲ့သို့ ထိန်းသိမ်းရမည်မှန်းမသိဖြစ်သွားတတ်ပါသည်။ ကိုယ့်သားသမီးလေး၏ အနာဂတ်မှာ ပညာတတ်ကြီးဖြစ်ရုံနှင့် ပြီးပြည့်စုံသွားနိုင်မည်မဟုတ်မှန်း မိဘတွေသိထားကြဖို့ကောင်းပါသည်။ အတွေ့အကြုံများအရ စာသင်ခန်းထဲ၌ ထူးချွန်ခဲ့ကြသော ကျောင်းသားများ အပြင်လောကလုပ်ငန်းခွင်များသို့ရောက်သည့်အခါ အသုံးမတည့်ဖြစ်ကြရတာမျိုးတွေရှိသည်။

ဆော့သင့်သည့်အရွယ်ကလေးများကို ပေးဆော့ဖို့လိုပါသည်။ ပတ်ဝန်းကျင်မှာရှိနေသော ကိုယ့်သားသမီးနှင့်ရွယ်တူတန်းတူကလေးများ သို့မဟုတ် အစ်ကိုအစ်မများနှင့် ပေးဆော့မှသာလျှင် ထိုကလေးသည် စိတ်လက်ပေါ့ပါးသွက်လက်ကာ ပညာရေး၌လည်း ဦးနှောက်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်နေမှာဖြစ်ပါသည်။ ဝါသနာပါရာတစ်ခုကို လေ့လာသင်ယူချင်သည့် ကလေးကို သူ့ဝါသနာအတိုင်း မိဘက လိုက်လျောမှုပေးဖို့လည်းလိုပါသည်။ ဥပမာ- ပန်းချီဆွဲတာ ဝါသနာပါသည့်ကလေးကို ပန်းချီသင်တန်းပေးတက်တာမျိုး၊ စန္ဒရားတီးဝါသနာပါတဲ့ကလေးကို စန္ဒရားတီးသင်တန်းပေးတက်တာမျိုး၊ ဘောလုံးကန်တာ ဝါသနာပါသည့်ကလေးကို နွေရာသီဘောလုံးသင်တန်း ပေးတတ်တာမျိုးတွေ မိဘက စီမံပေးရမှာဖြစ်ပါသည်။

ယနေ့ခေတ် မိဘများသည် သားသမီးများကို ချုပ်ကိုင်မှု၊ ခြယ်လှယ်မှုတွေများသည်။ သားသမီးဖြစ်ချင်တာထက် သူတို့ဖြစ်ချင်တာကို ပိုပြီးဦးစားပေးတတ်ကြသည်။ သားသမီး၏ ဝါသနာ၊ သားသမီး၏ စိတ်ဆန္ဒကို လျစ်လျူရှုတတ်ကြသည်။ မိဘကကောင်းစေချင်လို့ စီစဉ်တာဘာမှမငြင်းနဲ့ဆိုသည့် မိရိုးဖလာစကားကြီးဖြင့် ကိုင်ပေါက်တတ်ကြသည်။ မိဘက လက်နဲ့ ရေးတာကို ခြေနဲ့မဖျက်ချင်နဲ့ ဆိုတာမျိုးတွေလည်း ကြားရတတ်သည်။ ထိုအယူအဆများသည် လွဲမှားနေပြီဟု ပြောချင်သည်။ ဆရာဝန်ဝါသနာမပါသည့် ကလေးကို ဆေးကျောင်းမရောက်ရောက်အောင် အတင်းကြိုးစားခိုင်းပြီး ဆေးကျောင်းတက်ခိုင်းကြသည်။ ထိုအခါ ကလေးမှာ ဝါသနာမပါသည့်အတွက် စာမေးပွဲတွေ တဖုန်းဖုန်းကျပြီး လေလွင့်သွားရတော့သည်။ စစ်ဗိုလ်မဖြစ်ချင်ကြသည့် ကလေးတွေကိုလည်း စစ်ထဲအတင်းဝင်ခိုင်းကြသည့်အခါ ကလေးမှာ စစ်စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ လေ့ကျင့်ရေးတွေကို မခံနိုင်သည့်အဆုံး စိတ်ဒုက္ခရောက်ကြရသည်။ သားသမီးတွေ စိတ်ဒုက္ခရောက်အောင်၊ စိတ်လေလွင့်အောင် လုပ်ခဲ့ကြတာ တခြားမဟုတ်ပါ။ မသိတတ် နားမလည်တတ်ကြသည့် မိဘများကြောင့်ပင်ဖြစ်သည်။ ဤကဲ့သို့ဆိုလိုက်၍ မိဘများကို အပြစ်တင်နေခြင်းမဟုတ်ပါ။ မိဘများသည် သားသမီးများ၏ လိုအင်ကိုသိတတ်ဖို့ လိုအပ်ကြောင်း ထောက်ပြရခြင်းသာဖြစ်ပါသည်။

နွေရာသီကျောင်းပိတ်ရက်သည် မိဘများအတွက်ရော၊ ကလေးများအတွက်ပါ အသုံးချတတ်လျှင် အလွန်အကျိုးရှိသောအချိန်ကာလတစ်ခုဟု ဆိုချင်ပါသည်။ မည်ကဲ့သို့ အသုံးချရမည်နည်း။ လွယ်ကူစွာဆောင်ရွက်နိုင်သော လုပ်ငန်းများရှိသည်။ ဝါသနာပါရာ သင်တန်းတစ်ခုခု ပေးတတ်ခြင်း (ဥပမာ-ဂစ်တာတီး၊ စန္ဒရားတီး၊ ပန်းချီဆွဲ၊ အပ်ချုပ်)၊ သင့်တော်မည့် အားကစားနည်းသင်တန်းတစ်ခုခုသို့စေလွှတ်ခြင်း (ဥပမာ- ရေကူး၊ ကရာတေးဒို၊ ဂျူဒို၊ ဘောလုံး)၊ ကွန်ပျူတာသင်တန်း တက်ခိုင်းခြင်း၊ ကမ္ဘာသုံး အင်္ဂလိပ်စာဘာသာရပ်အား လေ့လာသင်ယူခိုင်းခြင်းနှင့် အခြားဘာသာစကားတစ်ခုခုသင်ယူခိုင်းခြင်း၊ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၌ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းများသို့စေလွှတ်ပြီး လိမ္မာရေးခြားရှိသော လူငယ်လေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးခြင်း အစရှိသည့် သင်တန်းများကို စေလွှတ်သင့်ပါသည်။

ဝါသနာပါရာ သင်တန်းတစ်ခုခုကို တက်နေရခြင်းအားဖြင့် ကလေး၏စိတ်ထဲတွင် ပျော်ရွှင်ကြည်နူးနေပေလိမ့်မည်။ ထို့နောက် ဝါသနာအရင်းခံကြောင့် ထူးချွန်သူဖြစ်သွားနိုင်သည်။ အားကစားတစ်ခုခု ပေးလုပ်ခြင်းအားဖြင့် ကလေး၏ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေသည်။ ဦးနှောက်ကြည်လင်နေပြီး ဉာဏ်ရည်တိုးတက်မြင့်မားစေသည်။ ထို့ပြင် ယနေ့ခေတ်အလိုကျ ကွန်ပျူတာပညာရပ်၊ အင်္ဂလိပ်ဘာသာစကားပညာရပ်များကို ကလေးများသိထား၊ တတ်ထား၊ နားလည်ထားဖို့လိုပါသည်။ ထိုဘာသာရပ်များကို သိထား၊ တတ်ထား၊ နားလည်ထားမှသာလျှင် ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်သော အနာဂတ်မျိုးဆက်များ ဖြစ်ထွန်းလာနိုင်ပေလိမ့်မည်။

ထို့ကြောင့် အခြေခံပညာကျောင်းများ၏ အတန်းတင်စာမေးပွဲကြီးများ ဖြေဆိုပြီးကြသည့်အခါ နွေကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဝါသနာပါရာ၊ လေ့လာသင်ယူစရာ သင်တန်းများကိုလည်းတက်ရောက်ကြပါ။ မိဘများအနေဖြင့်လည်း မိမိတို့ဖြစ်စေချင်တာထက် သားသမီးများ၏ ဖြစ်ချင်ကြသည့် ဆန္ဒကို မတိမ်းမစောင်းအောင် ထိန်းကျောင်းပြုပြင်ပြီး အကောင်းဆုံးပံ့ပိုးပေးကြပါ။ တိုင်းပြည်အနာဂတ်သည် လူငယ် ကျောင်းသား ကျောင်းသူလေးများ၏ လက်ထဲ၌ ရှိနေပါသည်။ သူတို့လေးများ၏ဘဝမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေးကိုင်းရှိုင်းမှု၊ ယဉ်ကျေးလိမ္မာမှု၊ ကိုယ်ကျင့်စာရိတ္တကောင်းမွန်မှု၊ ကိုယ်ချင်းစာနာတတ်မှုစသည့် ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပြည့်စုံနေကြမှသာလျှင် အနာဂတ်ကမ္ဘာကြီး လှပငြိမ်းချမ်းနေမှာဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မန္တလေးသင်္ကြန်အား ရေမဖြုန်းတီးသော ရိုးရာသင်္ကြန်ဖြစ်အောင် ဖော်ဆောင်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးသင်္ကြန်အား ရေမဖြုန်းတီးသော ရိုးရာသင်္ကြန်ဖြစ်အောင် ဖော်ဆောင်သွားမည်ဖြစ်ပြီး အလှပြကားပြိုင်ပွဲ ပါဝင်တော့မည်မဟုတ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အရင်တုန်းက ရိုးရာသင်္ကြန်မျိုးကို ဖော်ဆောင်ချင်ပါတယ်။ ရေမဖြုန်းတဲ့ သင်္ကြန်မျိုးကို ဖော်ဆောင်ချင်တာပါ။ အဲဒီလိုဖြစ်လာဖို့အတွက် မြို့တော်သူ မြို့တော်သားတွေ ပါဝင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့ထဲမှာ သင်္ကြန်မဏ္ဍပ်တွေကို တစ်ခေတ်တစ်ခါက လုပ်ခဲ့ကြသလိုမျိုး လုပ်စေချင်ပါတယ်။ နောက်ပြီး ဒီနှစ်မှာ အလှပြကားပြိုင်ပွဲတွေ ရှိတော့မှာ မဟုတ်တော့ဘူး။ သံချပ်အဖွဲ့တွေကိုတော့ အားပေးဖို့အစီအစဉ်ရှိပါတယ်"ဟု စည်ပင်ကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောသည်။

ရေကစားမဏ္ဍပ်များကို အရေအတွက် လျှော့ချသွားမည်ဖြစ်ကာ ကျုံးတောင်ဘက်တွင် မဏ္ဍပ်နှစ်ခုနှင့် ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တွင် လေးခုစီသာခွင့်ပြုသွားမည်ဖြစ်သည်။ ကျုံးတောင်ဘက်ခြမ်းကိုလည်း ယာဉ်ဝင်ခွင့်ပိတ်သွားမည်ဖြစ်ပြီး လမ်းလျှောက်ရေကစားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကာ မြန်မာဆန်သည့် သင်္ကြန်ကို ဖော်ဆောင်သွားမည်ဖြစ်သည်။

"ကျုံးရဲ့အရှေ့၊ အနောက်၊ မြောက်ဘက်တွေကို ရေကစားမဏ္ဍပ်ခွင့်ပြုမယ်။ ဒါပေမယ့် အရင်လိုအနားယူခန်းတွေ ပါတာမျိုးကိုတော့ စိစစ်တင်းကျပ်သွားမယ်။ လူငယ်တွေအတွက် ပျော်ပါးနိုင်ဖို့အတွက် မနော်ရမ္မံကွင်းဘက်မှာ စီစဉ်ပေးထားမယ်။ မြို့ထဲမှာ သင့်တော်တဲ့နေရာတွေမှာလည်း လူငယ်တွေ ရေကစားလို့ရအောင် စီစဉ်ပေးမှာပါ"ဟု စည်ပင်ကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောသည်။

မန္တလေးမြို့တော်သင်္ကြန်မဏ္ဍပ်တွင် ယခင်ကကဲ့သို့ စတိတ်ရှိုးအဆိုတော်တွေမပါဝင်တော့ဘဲ မြန်မာမှု အဆို၊ အကများဖြင့်စီစဉ်ထားရှိရာ စည်ပင်တေးဂီတအဖွဲ့၊ စိန်ဒူးဝါးဦးဆောင်သည့် မြန်မာ့ဆိုင်းပညာရှင်တွေနဲ့အတူ လူရွှင်တော်များ ပါဝင်မည်ဖြစ်သည်။ မြန်မာဆန်သည့် သီချင်းများဖြင့် ဖျော်ဖြေခြင်း၊ လူရွှင်တော်များ၏ ဟာဒယရွှင်ဆေး တိုက်ကျွေးခြင်း၊ သင်္ကြန်ယိမ်းအကအလှများဖြင့် ဖျော်ဖြေခြင်း အစရှိသည့် အစီအစဉ်ပေါင်းများစွာပါဝင်ကာ မြန်မာ့ရိုးရာသင်္ကြန်ဖြစ်ရန် ဖော်ဆောင်သွားမည်ဖြစ်သည်။

"ဦးတို့ ငယ်ငယ်က ကျုံးဘေးမှာ ကားပိတ်နေတာမျိုးမရှိဘူး။ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်တွေကလည်း တစ်မြို့လုံးအနှံ့ရှိတယ်။ မနက် ရေကစားမဏ္ဍပ်တွေမှာ ရေကစားပြီး ညပိုင်းမှာ ဖျော်ဖြေရေးတွေ လိုက်ကြည့်တာပေါ့။ ဒီဘက်နှစ်တွေမှာ ကျုံးဘေးက တိုးမပေါက်အောင်စည်လာတယ်။ ကားတွေပိတ်ပြီး သွားလို့ မရအောင်ထိပဲ။ နောက်ပြီး သင်္ကြန်က ကျုံးဘေးမှာပဲ ရှိတော့တယ်။ မြို့ထဲမှာ ကလေးတွေရေကစားတာကလွဲပြီး ခြောက်ကပ်နေတာ။ ဦးတို့ ငယ်ငယ်က သင်္ကြန်ကိုပဲ လွမ်းမိပါတယ်"ဟု အသက် (၆၀)အရွယ်ခန့်ရှိ ဦးမျိုးမျိုးက ပြောသည်။

(၀၀၂)

**❂ ကမ္ဘောဒီးယားနိုင်ငံမှ**

တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များအတွက် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

သဟဇာတဖြစ်ပြီး သာယာဝပြောသည့် အာဆီယံအသိုက်အဝန်း ထူထောင်ရန်နှင့် မိမိတို့ဒေသ၏ လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများ ဖြေရှင်းသွားနိုင်ရန်အတွက် မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအပြင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပိုမိုတောက်ပသည့် အနာဂတ်ဆီသို့ ဦးတည်လျက်ရှိပြီး ခိုင်မာသောရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်တို့နှင့် အဆိုပါ အနာဂတ်ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းနေကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အချိန်နှင့်အမျှ ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဂုဏ်ပြုညစာကို သုံးဆောင်သည်။

ညစာစားပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါညစာစားပွဲမကျင်းပမီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရတို့အကြား ၂၀၁၇-၂၀၂၀ ကာလအတွင်း ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအုန်းစီးယန်း(န်)တို့က ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီးချုပ်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

**❐ ကန်ပက်လက်မြို့မှ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆော်လောင်းကျေးရွာတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များအတွက် ရိုးရာပုံစံ တည်းခိုခန်းများ တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆော်လောင်း ကျေးရွာသည် ကန်ပက်လက်မြို့မှ တစ်မိုင်အကွာတွင် တည်ရှိပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(CBT)အား Forever Top Company နှင့် ကျေးရွာလူထုတို့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဆော်လောင်းကျေးရွာ CBT အဆောက်အအုံတွင် ဧည့်သည် ၁၂ ဦး တစ်ပြိုင်တည်း တည်းခိုနေထိုင်နိုင်သည့် လုံးချင်းအိမ် ခြောက်လုံးနှင့် စားသောက်ဆောင်တစ်ခုတို့ ပါရှိသည်။ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေများအနက် ၈၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များတွင် အသုံးပြုပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူက ၂၀ ရာခိုင်နှုန်း ခွဲဝေရရှိမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဇလပ်ဝါခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စီစဉ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ ဦးမြမောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်တို့က တင်ပြကြသည်။

ထို့နောက် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျောင်းများ အဆင့်တိုးမြှင့်ရေး၊ အားကစားရုံ အဆင့်တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် လက်တွေ့ကျသည့် ခရီးသွားဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ရေးတို့နှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကန်ပက်လက်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လျှုဒါန်းငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများနှင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာတို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မြို့နယ်စည်ပင်သာယာရေး ဥက္ကဋ္ဌထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံရသော ခေါ်နူးစုမ်(နတ်မတောင်) အမျိုးသားဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နတ်မတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၀၅၀၀ တွင် တည်ရှိပြီး တောင်ကုန်း၊ တောင်တန်းများထူထပ်ကာ မြစ်သာမြစ်၊ လည်မျိုမြစ်၊ မုန်းချောင်း၊ မောချောင်း၊ ယောချောင်းတို့၏ အဓိကရေဝေဒေသကြီးတစ်ခု ဖြစ်သည်။ နတ်မတောင်သည် အရှေ့တောင်အာရှတွင် မြေသားဖုံးလွှမ်းသော အမြင့်ဆုံးတောင်အဖြစ် ထူးခြားစွာ တည်ရှိသည်။

ခေါ်နူးစုမ် (နတ်မတောင်) အမျိုးသားဥယျာဉ်ကို သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် မျှတစွာ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ၁၉၃၆ ခုနှစ်မှ စတင်ကာ သစ်တောဥပဒေ (၁၉)အရ ဥတုထိန်းကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းကာကွယ်ထိန်းသိမ်းခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုတင်ပြခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယသမ္မတအား နတ်မတောင် ၁၀ မိုင်စခန်း၌ နတ်မတောင် အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ပတ်ဝန်းကျင်ဒေသအား သဘာဝအတိုင်း ထိန်းသိမ်းဆောင်ရွက်နေမှု၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လုပ်ငန်းများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် မင်းတပ်မြို့ ခုတင် (၁၀၀) ဆံ့ ခရိုင်ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအတွင်းနှင့် တိုးချဲ့ RC လေးထပ်ဆောင် တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်းတပ်မြို့ စည်ပင်သာယာရေးအဖွဲ့ဝင် ဒေါ်ဟာအွယ်က ဒေသ၏လိုအပ်ချက်များကို တင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအမံများကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မင်းတပ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မင်းတပ်မြို့နယ် ကိတ်နား၊ တလံဗွီးနှင့် ဝီးလူးကျေးရွာများအတွက် ဆိုလာအစုံ ၅၀၊ ချိုင်၊ မလိုင်နှင့် အောက်ဆာဒူးကျေးရွာများအတွက် စောင်အထည် ၅၀၀ ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ခူလူးနှင့် ရိုကျေးရွာများအတွက် စောင်အထည် ၃၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အလိုအပ်ဆုံး ပြည်နယ်ဖြစ်သည့်အတွက် နိုင်ငံတော်မှ အာရုံစူးစိုက်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသလိုအပ်ချက်များကို မျက်မြင်ကိုယ်တွေ့သိရှိနိုင်ရန် မိမိတို့အဖွဲ့ ယခုလိုလာရောက်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို အချိန်မဆိုင်း ဆောင်ရွက် ပေးသွားမည့်အပြင် ဆောင်ရွက်ရန် ကျန်ရှိသည်များကိုလည်း စနစ်တကျ အချိန်ယူဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးကူညီမှုများအပြင် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီဖြင့် ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ဒေသ၏ရိုးရာဆန်ဖြစ်သည့် လူးဆပ်ဆန်သည် ဒေသအတွက်သာမက ကျန်းမာရေးရှုထောင့်အရပါ ကောင်းမွန်သည့်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ပါကြောင်း၊ ချင်းပြည်နယ်၏ သင်္ကေတအမှတ်အသားဖြစ်သည့် အောက်ချင်းငှက် မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးနှင့် တောင်ဇလပ်ပင်များ ပြန့်ပွားရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုပါကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်မြို့၌ ဒေသခံပြည်သူများ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)



**❐ ရွှေဖုံးမှ**

သိရသည်။ "ဒီအပန်းဖြေစခန်းကို ရန်ကုန်က လုပ်ငန်းရှင်တွေနဲ့ ဒေသခံလုပ်ငန်းရှင်တွေ ပေါင်းလုပ်တယ်လို့တော့ ပြောနေတာ ကြားရတာပဲ။ အပန်းဖြေစခန်းက သဘာဝအပန်းဖြေစခန်းဆိုပေမယ့် နားနေနိုင်တဲ့ ဘန်ဂလိုတွေ၊ စားသောက်ဆိုင်တွေ၊ လျှောက်လမ်းတွေ လုပ်ထားပါတယ်။ ဒါပေမဲ့ ဒီစခန်းကို ဝင်ကြေးအနေနဲ့ တစ်ယောက်ကို ငွေကျပ် ၅၀၀ ပေးရပါတယ်။ ဘယ်သူတွေက ဘယ်လိုတင်ဒါစနစ်နဲ့လုပ်လည်းတော့ မသိပါဘူး။ ဒါမှမဟုတ် အပိုင်လားဆိုတာတော့ မသိပါဘူး။ သဘာဝအလျောက်ရေတံခွန်နဲ့ စမ်းချောင်းတစ်လျှောက် သာသာယာယာရှိတော့ အပန်းဖြေနားနိုင်တာပေါ့။ သဘာဝကျောက်တုံးတွေကလည်း ဓာတ်ပုံရိုက်လို့ လှတော့လာတဲ့ သူတွေက သဘောကျကြပါတယ်။ ဝင်ကြေးတစ်ယောက်ကို ငွေကျပ် ၅၀၀ ပေးရတာတော့ရှိပါတယ်"ဟု ကျိုက်ထီးရိုး ဘုရားဖူးခရီးစဉ်နှင့် ရာမညအပန်းဖြေစခန်းသို့ သွားရောက်ပို့ဆောင်ပေးခဲ့သူ ပြည်တွင်းဘုရားဖူးနှင့် အပန်းဖြေခရီးဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် အခြေခံပညာအဆင့် စာမေးပွဲအချို့ ဖြေဆိုပြီးစီးပြီဖြစ်သည့်အတွက် ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်များကို သွားရောက်သူများပြားလျက်ရှိပြီး ရက်ရှည်ခရီးစဉ်များထက် ရက်တိုခရီးစဉ်များ၊ အပန်းဖြေခရီးစဉ်အသစ်များကို ပိုမိုစိတ်ဝင်စားပြီး လည်ပတ်မှုများပြားလာကြောင်း ပြည်တွင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

**(ဝဝ၁)**

## ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံ





**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးများ၊ တပ်မမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေး၊ လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ United State Institute of Peace(USIP)ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့်အဖွဲ့က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီတွင်ပါဝင်သည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်သည့် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍဆိုင်ရာအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)တွင် ပါဝင်သည့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Orchid ဟိုတယ်၌ ကျင်းပသည်။

နိုင်ငံရေးအစုအဖွဲ့ UPDJC ၏ အတွင်းရေးမှူး စိုင်းကျော်ညွန့်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)က "ကျွန်တော်တို့ ၂၂ ပါတီအနေနဲ့ ကျွန်တော်တို့ နိုင်ငံမှာ လုံခြုံရေးကို ဘယ်လိုမျိုးပုံစံနဲ့ သွားသင့်တယ်ဆိုတာကို လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီမှာဆွေးနွေးရင်းနဲ့မူဝါဒတွေ၊ သဘောထားတွေ ရခဲ့မယ်ဆိုရင် လုပ်ငန်းကော်မတီမှာဆွေးနွေးတာတွေ၊ UPDJC မှာ ဆွေးနွေးတာတွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအတွက် ဆွေးနွေးတာတွေအပေါ်မှာ အခုဆွေးနွေးတဲ့ ဆွေးနွေးချက်တွေကို အသုံးပြုသွားမှာပါ။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီး ပါတီတွေက အများကြီးဆွေးနွေးတာ မရှိသေးဘူး။ ဒီလိုအလုပ်ရုံ ဆွေးနွေးပွဲတွေမှာ တွေ့ဆုံပြီးတော့ ဆက်လက်ဆွေးနွေးရဦးမှာပါ"ဟု ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာလုံခြုံရေးကဏ္ဍ အစီအစဉ်ချမှတ်ခြင်းနှင့် အသွင်ကူးပြောင်းခြင်း၊ လုံခြုံရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမိတ်ဆက်၊ အခြေခံအချက်အလက်များနှင့်မူများ၊ တောင်အာဖရိကနိုင်ငံ၏ ကာကွယ်ရေး အသွင်ကူးပြောင်းခြင်းဖြစ်စဉ် အတွေ့အကြုံကို လေ့လာခြင်း၊ ဘက်စုံလွှမ်းခြုံသော လုံခြုံရေးကဏ္ဍကို ညှိနှိုင်းဆွေးနွေးခြင်းတို့ကို အင်္ဂလန်မှ အငြိမ်းစားဗိုလ်မှူးချုပ် Gordon Hughes က ဦးဆောင်ဆွေးနွေး ပို့ချခဲ့ကြောင်း သိရသည်။

နိုင်ငံရေးအစုအဖွဲ့ UPDJC အဖွဲ့ဝင် ဦးထွန်းထွန်းဟိန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)က "လုံခြုံရေးကဏ္ဍဆိုတဲ့ကိစ္စက ငြိမ်းချမ်းရေးတစ်ခုလုံးမှာဆိုရင် အရေးအကြီးဆုံးပါပဲ။ သဘောတူညီချက်ရဖို့လည်း အခက်ခဲဆုံးဖြစ်လိမ့်မယ်လို့စဉ်းစားရတဲ့ ကဏ္ဍတစ်ခုပါ။ နိုင်ငံရေးနဲ့ လုံခြုံရေး မတူပါဘူး။ နိုင်ငံရေးက နိုင်ငံရေး တစ်ပိုင်းပဲ။ လုံခြုံရေးက ကဏ္ဍတစ်ခုပါ။ ကျွန်တော်တို့က နိုင်ငံရေးသမားဖြစ်တာကြောင့် နိုင်ငံရေးကိုတော့ တီးမိခေါက်မိရှိပါတယ်။ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ဘက်က တော်တော်လေး အားနည်းတယ်လို့ ပြောရမယ်။ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ အခုလို အတွေ့အကြုံရှိတဲ့သူတွေက လာပြီးရှင်းပြတယ်ဆိုတော့ ခေါင်းထဲမှာလည်းအတွေးအခေါ်ရတယ်။ တော်တော်လေး အထောက်အကူပြုတယ်လို့တော့ ပြောလို့ရမယ်"ဟု ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြောကြားသည်။

လုံခြုံရေးကဏ္ဍဆိုင်ရာအတွက် အလုပ်ရုံဆွေးနွေးပွဲကို HD Center ၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက် အထိသုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) နိုင်ငံရေးပါတီအစုအဖွဲ့တွင် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် ပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်များပါဝင်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို လာမည့်မတ်လအတွင်း ကျင်းပနိုင်ရန် ရည်ရွယ်ထားပြီး ညီလာခံတွင် နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာကဏ္ဍတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသည့် အခြေခံမူများကိုလည်း တင်သွင်းကြမည်ဖြစ်သည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**

# စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံကျင်းပ ပထမနေ့တွင် စာတမ်းပေါင်း ၁၇ စောင် ဖတ်ကြား



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး (ဟိန်းလတ်)က စာတမ်းခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီများမှ တာဝန်ရှိသူများနှင့် စာကြည့်တိုက်မှူးများက စာတမ်းများကို ဖတ်ကြားကြသည်။

ယနေ့ကျင်းပသည့်ညီလာခံတွင် "ဖွင့်လှစ်ထားရှိသော ကျေးရွာစာကြည့်တိုက်များအပေါ် သုံးသပ်တင်ပြခြင်း၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးကြိုးပမ်းဆောင်ရွက်ချက်၊ ကယားပြည်နယ်အတွင်းရှိ စာကြည့်တိုက်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များ သုံးသပ်တင်ပြခြင်း၊ အမှန်ရှင်သန်နေသော စာကြည့်တိုက်တစ်တိုက်ဖြစ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှု၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ သျှမ်းရှင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေ၊ ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်မှုအခြေအနေအပေါ် သုံးသပ်တင်ပြခြင်း၊ စာကြည့်တိုက်မှူး၏ ဆောင်ရွက်ချက်၊ ကျေးရွာစာကြည့်တိုက်များအပေါ် သုံးသပ်ခြင်း၊ လူငယ်များ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျေးရွာစာကြည့်တိုက်များအပေါ် သုံးသပ်တင်ပြခြင်း၊ စာကြည့်တိုက်များ၏ အနာဂတ်အလားအလာ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ မြန်မာ့မျက်ပွင့် စာကြည့်တိုက်က ပြုလုပ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျေးရွာစာကြည့်တိုက်များ၏ အခြေအနေအပေါ်သုံးသပ်တင်ပြချက်၊ စာကြည့်တိုက်တစ်တိုက် ရှင်သန်အောင်မြင်ရေး ဆောင်ရွက်ချက်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေအပေါ် သုံးသပ်ခြင်း"ခေါင်းစဉ်များဖြင့် စာတမ်း ၁၇ စောင်ကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါညီလာခံကို စာကြည့်တိုက်မှူးများအချင်းချင်း စာကြည့်တိုက်ပညာဆိုင်ရာ အတွေးအမြင်များနှင့် အတွေ့အကြုံများဖလှယ်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အမှန်တကယ်ရှင်သန်အောင်မြင်နေသော စာကြည့်တိုက်များ၏ ဆောင်ရွက်ချက်များ၊ တွေ့ကြုံခဲ့ရသောအခက်အခဲများနှင့် အောင်မြင်အောင် ကျော်လွှားဆောင်ရွက်ခဲ့မှုများကို မျှဝေပေးရန်၊ စာကြည့်တိုက်လုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို သိရှိနားလည်၍ ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပူးပေါင်းရှာဖွေရန်၊ စာကြည့်တိုက်မှူးများအချင်းချင်း ရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို ၂၀၁၀ ခုနှစ် မေ ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် စံငါးရပ်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပထမအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံကို ၂၀၁၄ ခုနှစ် မတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပခဲ့ပြီး ယခု စတုတ္ထအကြိမ်ညီလာခံကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ- ရဲထွန်း**

# အကြမ်းဖက်မှုဆန့်ကျင်ရေးအခမ်းအနား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှေ့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
အကြမ်းဖက်မှု ဆန့်ကျင်ရေးအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ TERMINAL-1 ရှေ့ရှိ ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက သူရဦးတင်ဦးက "အကြမ်းဖက်သောနည်းသည် ဘာကိုမှ အကျိုးမပေးဘူးဆိုတာကို အားလုံးသိရှိနားလည် သဘောပေါက်အောင်ပြုလုပ်သွားတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ကျေးဇူးအထူးတင်ပါတယ်။ ခင်ဗျားတို့ အသက်ပေး သွားတဲ့အတွက်ကြောင့် နောင်လာနောက်သားတွေအတွက် သင်ခန်းစာကောင်းများကို ပြန်လည်ပြီး ဖော်ထုတ်ဖြစ်တာ ကြောင့်၊ တစ်နည်းအားဖြင့် တိုင်းပြည်အတွက် အကျိုးပြုရာ ပြုကြောင်းဖြစ်တာကြောင့် ကျေနပ်စရာဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်အတွက် ထင်ရှားစွာ အကျိုးပြုသွားတယ်ဆိုတာကိုတော့ နောင်လာ နောက်သားတွေ သိရှိထင်ရှားအောင် လေးနက်သော ဆောင်ရွက်ချက်ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီး ဦးကိုနီဟာအဖွဲ့ချုပ်မှာ သူ့ရဲ့ ပညာရပ်နဲ့ များစွာအထောက်အကူပြု ကျေးဇူးပြုသွားတဲ့ ပုဂ္ဂိုလ်ပါ။ သူ့ရဲ့ကျေးဇူးတွေကို အစဉ်သတိရ အောက်မေ့ လျက်ရှိပါတယ်။ သူဟာ ဥပဒေလောကမှာတင် မဟုတ်ပါ ဘူး။ နိုင်ငံတော်မှာရှိတဲ့ ဥပဒေလောကမှာလည်း အကျိုးရှိ




စေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ အင်မတန် နှမြောပါတယ်။ ဆုံးရှုံးမှုကြီး တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "ကိုနေဝင်းဆိုရင်လည်း ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေထိုင်တာပါ။ အခုလိုဖြစ်ပျက်ခဲ့တဲ့ အပေါ်မှာ ပြည်သူပြည်သားကောင်းတစ်ယောက် အနေနဲ့ သူ့ရဲ့ ပင်ကိုရှိနေတဲ့ စိတ်ဓာတ်၊ သတ္တိနဲ့ လုပ်ဆောင်ခဲ့တဲ့ အပေါ်မှာ လေးလေးနက်နက် ဂုဏ်ယူအပ်ပါတယ်။ စွမ်းစွမ်းတမံဆောင်ရွက်ပြီး အသက်စွန့်သွားခဲ့ရတဲ့အပေါ် မှာ တကယ်ကို နှမြောစရာကောင်းပါတယ်။ ဒီနိုင်ငံတော်မှာ ဘယ်လို အဆင့်အတန်းပင်ဖြစ်ပါစေ မိမိတို့မွေးလာ ကတည်းက ပါလာတဲ့ပင်ကိုသတ္တိဟာ အကြောင်းအခြင်း အရာပေါ်မှာမူတည်ပြီး ကောင်းကျိုးကို ဆောင်ရွက် သွားတာမျိုးကို လက်တွေ့အားဖြင့် ပြသတဲ့အတွက် တကယ့်ကို သင်ခန်းစာယူစရာကောင်းလောက်အောင် ဖြစ်သွားပါတယ်။ အကြမ်းဖက်သောနည်းဟာ ဘယ်တော့မှ အဖြေမရပါဘူး။ အကြမ်းဖက်သောနည်းဟာ တိုင်းပြည် အတွက် တိုးတက်ရာ တိုးတက်ကြောင်းလုပ်တဲ့နည်း မဟုတ်ပါဘူး။ အကြမ်းဖက်သောနည်းဟာ ဘယ်တော့မှ အဖြေကောင်းကို မရပါဘူး။ အခြားနိုင်ငံတွေမှာလည်း ကြည့်မယ်ဆိုရင် တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ရှေ့ဆက် ပြီး လုပ်ငန်းအရပ်ရပ်မှာ အေးချမ်းသောနည်း၊ ငြိမ်းချမ်း သောနည်း၊ စိတ်ရှည်သောနည်းတွေနဲ့ ဆောင်ရွက်နိုင်ဖို့ အတွက် သင်ခန်းစာယူဖို့လိုပါတယ်"ဟု ထည့်သွင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ဂုဏ်ပြုအမှတ်တရစကားပြောကြားကာ တရားလွှတ်တော် ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် ဘာသာပေါင်းစုံမှ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ် ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူ များက အမှတ်တရပန်းစည်းများချ၍ ဆုတောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လေဆိပ်အငှားယာဉ်မောင်းများနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသော ပြည်သူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

---

**❀ ရတနာပုံတိုက်စစ်မှူးမှ**
ခေါ်ယူရန်ကမ်းလှမ်းခဲ့ဖူးကြောင်း သိရသည်။ ဘလက်စတီးယားအသင်းသည် ယင်းကစားသမားများကို ရာသီကုန်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် S-League ပထမပွဲအဖြစ် ဝါရီယာ အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘလက်စတီးယားအသင်းသည် ကျော်ဇေယျာဝင်းကို ခေါ်ယူရာတွင် ဧရာဝတီအသင်းသို့ ပြောင်းရွှေ့ကြေး ပေးခဲ့ရပြီး ပြောင်းရွှေ့ကြေး တစ်စိတ်တစ်ပိုင်းကို ကျော်ဇေယျာဝင်း ကိုယ်တိုင် ပေးချေခဲ့ရသည်။

အောင်ကျော်နိုင် (နေပြည်တော်)၊ နန္ဒလင်းကျော်ချစ်(ရတနာပုံ)တို့ကို ခေါ်ယူရာတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး ပြည်ပထွက်ကစားသူ ရတနာပုံအသင်း၏ လူငယ်လက်ရွေးစင် တိုက်စစ်မှူး ရှိုင်းသူရသည် ထိုင်းကလပ် ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားရန် ဖေဖော်ဝါရီ ၂၇ ရက်က ထွက်ခွာသွားပြီဖြစ်သည်။ ရှိုင်းသူရသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ အရေးယူမှုကြောင့် ကာလရှည်ပွဲပယ်ခံထားရရာ ကစားသမား၏ အရည်အသွေးကျမသွားစေရန် သုံးလစာချုပ်ဖြင့် အငှားချခဲ့ခြင်းဖြစ်သည်။ ဆာမတ်ဆာခွန်အသင်းသည်ပြီးခဲ့သည့်ရာသီက ကောင်းဆက်နိုင်ကို ခေါ်ယူခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

၁၉၉၀ ပြည့်နှစ်လွန်ကာလများက မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် အောင်ထွန်းထွန်း၊ ကြည်လွင်၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ အောင်နိုင်၊ ဝင်းအောင်တို့မှာ ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားခဲ့ဖူးပြီး နောက်ပိုင်းတွင် ပြည်ပထွက်ကစားမှုမရှိသလောက်ဖြစ်ခဲ့ကာ ၂၀၁၀ ဝန်းကျင်မှသာ ပြန်လည်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဘလက်စတီးယားအသင်းတွင် သွားရောက်ကစားနေသည့် ကျော်ဇေယျာဝင်းသည် ၂၀၁၄ ခုနှစ်က မလေးရှားကလပ်ပီရတ်အသင်းတွင် သွားရောက်ကစားခဲ့ဖူးကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားမည့် ရှိုင်းသူရ။



**ဖေဖော်ဝါရီ ၂၇ ရက်က ကူဝိတ်နိုင်ငံ၏ (၅၆)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr.Ahmad Al Muzaini ကြိုဆိုနှုတ်ဆက်စဉ်။**(သတင်းစဉ်)

---

# ထီးချိုင့်မြို့နယ် မရသိမ်အုပ်စု အုပ်ချုပ်ရေးမှူးရုံးဖွင့်

ထီးချိုင့် ဖေဖော်ဝါရီ ၂၇
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ တတိယပတ်က အဆိုပါရုံး အဆောက်အအုံရှေ့၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းဟန်နှင့် မရသိမ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးဦးတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါရုံးအဆောက်အအုံသည် အလျားပေ ၆၀၊ အနံပေ ၃၀ ၊ အမြင့် ပေ ၂၀( နှစ်ထပ် )၊ အောက်ထပ်မှာ အုတ်ညှပ်၊ အုတ်ခင်းနှင့် အပေါ်ထပ် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၁၀၃ကျော် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။



ထို့နောက် ရုံးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဟန်၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးဦးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အရိပ်ရသစ်ပင်များကို ရုံးခြံဝင်းတွင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက် )**

❐

# အုတ်ဈေးကောင်း၍ ယခင်နှစ်ကထက် အုတ်ဖုတ်ထုတ်လုပ်ရောင်းချသူများပြား ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိသဖြင့် ဝင်ငွေကောင်းလျက်ရှိ



**ဖြူး ဖေဖော်ဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် လမ်းတံတားများ၊ အိုးအိမ်အဆောက်အအုံများ ဆောက်လုပ်မှုများမှာ ယခင်နှစ်ကထက် တိုးပွားများပြားလာသည့်အတွက် ယခုနှစ်တွင် အုတ်ဖုတ်ထုတ်လုပ်ရောင်းချသော အုတ်ကျင်းများ ယမန်နှစ်ကထက် တိုးပွားများပြားလာသည့်အတွက် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရလျက်ရှိသည်။

အုတ်ဈေးများမှာ ယမန်နှစ်က ပထမတန်းစားအုတ်တစ်ချပ်လျှင် ၆၅ ကျပ်၊ ဒုတိယတန်းစား အုပ်တစ်ချပ်လျှင် ၆၂ ကျပ်ဖြင့် မိုးကျသည်အထိ ပေါက်ဈေးရှိရာမှ ယခုနှစ်အုတ်ဖုတ်ရာသီတွင် ရာသီချိန်စသည်နှင့် ပထမတန်းစားအုတ်တစ်ချပ်လျှင် ကျပ် ၇၀ နှုန်း၊ ဒုတိယတန်းစား အုတ်တစ်ချပ်လျှင် ၆၈ ကျပ်နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

"ကျွန်တော်တို့မိသားစုက ဖြူးမြို့နယ် ဇေယျဝတီဒေသ နှောခင်ကျေးရွာကပါ။ အခု အုတ်ဖုတ်ရာသီမှာ မိသားစုလိုက်ပြောင်းလာပြီး ကလေးများမှအပ ကျန်မိသားစု ငါးဦးနဲ့ အုတ်စိမ်းရိုက်၊ ပုံစံသွင်း၊ အုတ်စိမ်းသယ်၊ အုတ်ဖုတ်တဲ့နေရာ အရောက်ပို့လုပ်ငန်းတွေကို မနက် ၆ နာရီကနေ့လယ်ထမင်းစား ခဏနားပြီး ညနေ ၆ နာရီ၊ ၇ နာရီအထိ လုပ်ကိုင်ပြီးတော့ တစ်နေ့ကို မိသားစု ငါးယောက်ဝင်ငွေ ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ကျော်အထိ ရကြပါတယ်" ဟု အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

(၁၄၀)

# မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဇန်းမော် ဖေဖော်ဝါရီ ၂၇**
ကျေးလက်လမ်း၊ ကျေးလက်တံတား၊ ကျေးလက်ရေပေးရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာ၊ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့် မြစ်မ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဇန်းမော်မြို့နယ် နန့်လှိုင်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ဇရာတာပိန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းအား ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်နုနှင့်အဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

(ကြေးမုံ)

# တရုတ်-အာဆီယံစိုက်ပျိုးရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲသို့ စစ်ကိုင်းနှင့် ချောင်းဦးမြို့နယ် ဖရဲသခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဥက္ကဋ္ဌနှစ်ဦး တက်ရောက်

**မုံရွာ ဖေဖော်ဝါရီ ၂၇**
ထိုင်းနိုင်ငံ ဘန်ကောက်တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိကျင်းပမည့် တရုတ်-အာဆီယံစိုက်ပျိုးရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ (International Conference On Sustainable Agriculture and Bioeconomy 2017) သို့ မြန်မာနိုင်ငံ ဖရဲသခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ချောင်းဦးမြို့နယ် ဖရဲသခွားဥက္ကဋ္ဌ ဦးစိုးတင့်တို့သည် မြန်မာနိုင်ငံဖရဲသခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများကိုယ်စား တက်ရောက်ဆွေးနွေးရန်ဖိတ်ကြားသဖြင့် သွားရောက်ကြပြီဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးမှာ စွမ်းဆောင်ရည်မြင့်မားတဲ့ ဖရဲသခွားမွှေးအစုအဖွဲ့ဟာ အင်အားတောင့်တင်းစည်းလုံးညီညွတ်ပြီး ပြည်ပပို့ကုန်အဖြစ် နိုင်ငံ့ဘဏ္ဍာကိုရော ဒေသဖွံ့ဖြိုးရေးအတွက်ပါ ဒေသခံတွေပေါင်းစုပြီး ဘက်ပေါင်းစုံညီ စွမ်းဆောင်ရည်ထက်မြက်တာတွေကို နိုင်ငံတကာက စောင့်ကြည့်အလေးထားလာတာ အခုနှစ်မှာ အတော်လေးသိသာလာပါတယ်။ မြန်မာနိုင်ငံမှာ ဖရဲသခွားက စစ်ကိုင်းတိုင်းဒေသကြီးက အထွက်ဆုံးဖြစ်သလို ချောင်းဦးမြို့နယ်က စိုက်ပျိုးတဲ့ဧရိယာအများဆုံးဖြစ်တဲ့အတွက် နိုင်ငံတကာက ချောင်းဦးမြို့နယ် ဖရဲသခွားစိုက်တောင်သူတွေရဲ့ဆောင်ရွက်မှုတွေကို အလေးပေးအာရုံထားလာတာကို တွေ့ရပါတယ်။ အဲဒီလို အစဉ်အဆက်လုပ်လာပြီး တိုးတက်မှုကို ထိန်းသိမ်းနိုင်တဲ့အတွက် ထိုင်းနိုင်ငံမှာ ကျင်းပမယ့် တရုတ်-အာဆီယံစိုက်ပျိုးရေးဆိုင်ရာတွေ့ဆုံပွဲကိုတက်ရောက်ဖို့ စိုက်ပျိုးသူတွေကိုယ်စား ဖိတ်ခေါ်ခံရတာပဲဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

ထိုင်းနိုင်ငံ ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၏ ကိုယ်စားတင်မက မြန်မာတစ်နိုင်ငံလုံး၏ ဖရဲသခွားအစုအဖွဲ့ကိုယ်စား ဆွေးနွေးသွားမည်ဖြစ်ရာ အဆိုပါဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bangkok International Trade & Exhibition Center(BITEC) ၌ National Science And Technology Development Agency(NSTDA) က ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)




# အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကမ္ဘောဇဘဏ်မှတစ်ဆင့် တိုက်ရိုက်ငွေလွှဲနိုင်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
မြန်မာ့ဘဏ္ဍာရေးကဏ္ဍ၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာဘဏ်တစ်ခုဖြစ်သော Sumitomo Mitsui Banking Corporation ၏ နယူးယောက် (SMBC NY) ဘဏ်ခွဲနှင့်အတူ USD Settlement Account စတင်ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို အမေရိကန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ SMBC Yangon မှ General Manager Mr.Nobuyasu Akagi နှင့် SMBC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းချို၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌ-၃ ဦးမောင်မောင်၊ ကမ္ဘောဇဘဏ်လီမိတက် နိုင်ငံတကာဘဏ်လုပ်ငန်းဌာနမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင်နှင့် ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ-၃ ဦးမောင်မောင်၊ SMBC Yangon မှ General Manager Mr. Nobuyasu Akagi၊ ကမ္ဘောဇဘဏ်လီမိတက် နိုင်ငံတကာဘဏ်လုပ်ငန်းဌာနမှ အုပ်ချုပ်မှုဒါရိုက်တာဦးဝင်းလွင်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြပြီး တာဝန်ရှိသူများက မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

"ကျွန်တော်တို့ရဲ့ မိတ်ဖက်ဖြစ်တဲ့ ကမ္ဘောဇဘဏ်ရဲ့ အခုလိုကြီးမားတဲ့ အောင်မြင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကမ္ဘောဇဘဏ်ဟာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးပုဂ္ဂလိကဘဏ်ဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ အဘက်ဘက်ကနေ အကောင်းဆုံး ပံ့ပိုးပေးခြင်းဟာ တစ်ဖက်ကကြည့်ရင် မြန်မာ့စီးပွားရေးနဲ့ ဘဏ္ဍာရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ပူးပေါင်းလုပ်ဆောင်ပေးခွင့်ကို ရရှိလိုက်တာလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပုဂ္ဂလိကဘဏ်တစ်ခုအနေနဲ့ အခုလို USD အကောင့်ဖွင့်လှစ်လိုက်ခြင်းဟာ မြန်မာ့ဘဏ္ဍာရေးလုပ်ငန်းတွေအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဝင်ရောက်ပူးပေါင်းနိုင်ရေးအတွက် ကြိုးပမ်းနေတယ်ဆိုတဲ့အချက်ကို သက်သေသာဓကပြလိုက်တာပါပဲ"ဟု Mr.Nobuyasu Akagi (General Manager of SMBC Yangon)က ပြောကြားသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာဘဏ်တစ်ခုဖြစ်သော Sumitomo Mitsui Banking Corporation ၏ နယူးယောက် (SMBC NY) ဘဏ်ခွဲနှင့်အတူ USD Settlement Account တစ်ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြင့် ပိုမိုထိရောက်သည့် ငွေလွှဲဝန်ဆောင်မှုများကို မြန်ဆန်စွာဝန်ဆောင်မှုပေးနိုင်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ပိုမိုအဆင်ပြေကောင်းမွန်သည့် ငွေကြေးကုန်သွယ်မှု(Trade Financing) နှင့် ငွေလွှဲပြောင်းမှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံအကြားရှိ စီးပွားရေးဖြစ်ထွန်းမှုကို တွန်းအားဖြစ်စေမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်၏ Customer များသည် ငွေလွှဲပြောင်းမှုများပြုလုပ်ရာတွင် အချိန်ကုန်သက်သာစေပြီး SMBC နယူးယောက်၏ USD စာရင်းရှင်းဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး အသုံးပြုနိုင်တော့မည်ဖြစ်သည်။

(၀၁၀)

# မင်းလှခံတပ် အထက်ဘက်နှင့် အောက်ဘက်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း မကြာမီပြီးစီးမည်

**အထက်မင်းလှ ဖေဖော်ဝါရီ ၂၇**
သရက်ခရိုင် မင်းလှမြို့နယ် မြောက်ရပ်ကွက်ရှိ မင်းလှခံတပ် အထက်ဘက်နှင့် အောက်ဘက်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းတွင် ဆောင်ရွက်နေသည့် ဆောက်လုပ်ရေးအင်ဂျင်နီယာ၏ ပြောပြချက်အရ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၂၉၆ ဒသမ ၂၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မင်းလှခံတပ်အထက်ဘက် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းတမံအလျားပေ ၃၂၀ ဆောင်ရွက်ခြင်း၊ မင်းလှခံတပ်အောက်ဘက် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းတမံအလျား ၁၆၄ ပေ ဆောင်ရွက်ခြင်းနှင့် ကျောက်စီမြေထိန်းနံရံ အလျား ၃၆ ပေ ဆောင်ရွက်ခြင်းလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(အထက်မင်းလှ)



# မောင်တောမြို့တွင် နွေရာသီကျောင်းပိတ်ရက် ကရာတေးဒိုသင်တန်းဖွင့်ပွဲကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လူမှုကူညီရေးအသင်းနှင့် ရခိုင်အာကီဒို၊ ကရာတေးဒိုအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကရာတေးသင်တန်းကို ယနေ့ ညနေပိုင်းက မောင်တောမြို့ အခြေခံပညာမူလတန်းကျောင်း၌ စတင်ဖွင့်လှစ်သည်။



"ကရာတေးပညာဆိုတာ လက်နက်မဲ့ ကိုယ်ခံပညာတစ်ရပ်ဖြစ်ပါတယ်။ အရေးကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်သလို စိတ်ဓာတ်နဲ့ ခန္ဓာကိုယ် ကြံ့ခိုင်မှုကိုလည်း ဖြစ်စေပါတယ်။ ကရာတေးပညာရပ်ဟာ နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာလည်း စည်းစနစ်နဲ့တကွ ထည့်သွင်းကျင်းပတဲ့ အားကစားနည်းတစ်ရပ်ဖြစ်တာကြောင့် ဒီသင်တန်းကနေ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ပေါ်ထွက်လာတဲ့အထိ ကြိုးစားလေ့ကျင့်သွားစေလိုပါတယ်"ဟု ရခိုင် အာကီဒို ကရာတေးဒိုအသင်းမှ နာယကတစ်ဦးက ပြောသည်။

"သမီးက ကရာတေးပညာကို ငယ်ငယ်လေးကတည်းက စိတ်ဝင်စားတာပါ။ ဒီပညာဟာ ယောက်ျားလေးတွေနဲ့ပဲ ဆိုင်တယ်၊ အမျိုးသမီးတွေနဲ့ မဆိုင်ဘူးလို့ ထင်နေကြပါတယ်။ ဒါပေမဲ့ ဒီပညာတတ်ထားရင် အရေးကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့ ပညာဖြစ်တာမို့ သင်တန်းပြီးဆုံးတဲ့အထိ ကြိုးစားသင်ယူသွားမှာပါ"ဟု သင်တန်းသူ မနှင်းဝေဖြိုးက ပြောသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ပြီး ညနေ ၄ နာရီမှ ၆ နာရီအထိ ၄၅ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာတွင် ဆိုင်ကယ် ကာဘရိုက်တာဆေးရာမှ မီးလောင်မှုဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်အိမ်ရာဝင်းအနီးရှိ ဒိုင်စုကျေးရွာတွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီ ၂၅ မိနစ်က ဆိုင်ကယ်ပြင်ဆိုင်မှ မီးစတင်လောင်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးအချို့ ပျောက်ဆုံးကာ အိမ်ခြေ ၇၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ညနေပိုင်းက ဆိုင်ကယ်ပြင်ဆိုင်မှ ကာဘရိုက်တာကို ဓာတ်ဆီဖြင့် ဆေးနေစဉ် အနီးရှိ မီးသွေးမီးဖိုမှ မီးကူးစက်လောင်ခဲ့ရာ အိမ်ခြေ ၇၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လူဦးရေ ၄၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒိုင်စုကျေးရွာ မဟာဝိဇယရာမကျောင်းတိုက်တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့က LEVEL (3) အဆင့်ရှိ မီးငြိမ်းသတ်ခဲ့ပြီး ညနေ ၅ နာရီ ၅၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ကလေးအချို့ ပျောက်ဆုံးနေကြောင်း၊ ကျူးကျော်တဲ ၇၀ နှင့် ဂရမ်အိမ်တစ်လုံး မီးလောင်ခဲ့၍ ကယ်ဆယ်ရေးအတွက် တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ည ၈ နာရီ ၅ မိနစ်တွင် မီးလောင်ရာ နေရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးနှင့် မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ လှိုင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ လာရောက်ကြည့်ရှု၍ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောင်သန်းဦး)**

# မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာ ရာအိမ်မှူး ဓားခုတ်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ရက် ညပိုင်းက ရာအိမ်မှူးတစ်ဦး ဓားခုတ်ခံခဲ့ရကြောင်း သိရသည်။

မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီက ရာအိမ်မှူး အဒူဇော်လီ (၃၈) နှစ်သည် ကျေးရွာလုံခြုံရေးကင်းနေရာချထားရေးဆောင်ရွက်ပြီး နေအိမ်သို့ပြန်လာစဉ် အိမ်အနီး၌ လူတစ်ဦးက ရုတ်တရက် ဓားဖြင့် ခုတ်ခဲ့မှုကြောင့် လက်ဖျံတွင် ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ဒုချီးယားတန်းတောင်ရွာ၌ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် ဒုချီးယားတန်းတောင်ရွာတွင် ယမန်နေ့ မွန်းတည့်ချိန်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၇) ဒုချီးယားတန်းတောင်ရွာနေ ဖာတေမာခါတူ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် ဖေဖော်ဝါရီ ၂၆ ရက် မွန်းတည့်ချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပျောက်ဆုံးနေသော ခမီးလူမျိုးတစ်ဦး၏ အလောင်းအား တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် သရေကုန်းဘောင်ကျေးရွာအနီး တောစပ်၌ ခမီးလူမျိုးနှစ်ဦးအား လူသုံးဦးက ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် ပုဆိန်၊ ဓားများဖြင့် တိုက်ခိုက်မှုဖြစ်ပွားစဉ် ပျောက်ဆုံးနေသူ၏ အလောင်းအား ယမန်နေ့ မွန်းလွဲပိုင်းက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ခမီးလူမျိုး အောင်ကျော်စိန်(၄၆)နှစ်၏ ယာကျောတွင် ပြတ်ရှဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ထားပြီး ခမီးလူမျိုး ထွန်းသာမောင်(၂၈)နှစ်မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက လိုက်လံရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကိုင်းကြီး(မြို)ရွာအနီးရှိ လက်ဝဲဒဏ်ချောင်းဖျားတွင် ထွန်းသာမောင်၏ အလောင်းအား ယာလည်ပင်း၊ ကျောကုန်းပြတ်ရှဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် တိုက်ခိုက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးမိတ်မြို့၌ မိုင်းပေါက်ကွဲ၍ အရပ်သားတစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မိုးမိတ်မြို့နယ် အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့်ချိန်က TNLA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲရာမှ ပြည်သူတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးမိတ်မြို့နယ် ဟင်ခုတ်ကျေးရွာနေ ဦးလထော်ဂမ်သည် ရွာတောင်ဘက်သို့ ထင်းခုတ်သွားစဉ် TNLA လက်နက်ကိုင်များ ထောင်ထားသည့် တိုက်မိုင်းအား တိုက်မိရာမှ ပေါက်ကွဲခဲ့ပြီး ညာခြေထောက်ကျိုး၊ ဘယ်ဘက် ခြေထောက်နှင့် မျက်စိတို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လူနာအား မိုးကုတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟဲဟိုးမြို့တွင် ငွေကျပ်သိန်းပေါင်း ၆၀၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်က ဟဲဟိုးမြို့အနီး ဘဝသံသရာတံတား မိုင်တိုင်အမှတ်(၉၈)တွင် တောင်ကြီးမြို့ဘက်မှ မိတ္ထီလာမြို့ဘက်သို့ ကျော်ထွန်းလှိုင် မောင်းနှင်ပြီး စိုင်းသူရအောင် လိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်ကိုရှာဖွေရာ ဆာလာအိတ် ၃၁ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၅ သိန်း(တန်ဖိုးငွေကျပ်သိန်းပေါင်း ၆၀၅၀၀)ကို သိမ်းဆည်းရမိသဖြင့် ကျော်ထွန်းလှိုင်(ခ)အငယ်လေး(၃၈)နှစ်နှင့် စိုင်းသူရအောင်(ခ)အောင်ဘု(၃၂)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



ကျော်ထွန်းလှိုင်(ခ)အငယ်လေးနှင့် စိုင်းသူရအောင်(ခ)အောင်ဘုတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဆောက်သမ်တန်ကို အနိုင်ရရှိပြီး အီးအက်ဖ်အယ်လ်ဖလား မန်ယူဆွတ်ခူး လီဗာပူးအသင်း၏ ဆုဖလား ၄၁ လုံး ရရှိမှုကို မန်ယူအသင်း လိုက်မီခဲ့




မန်ယူအသင်းသည် အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၂၆ ရက်ညပိုင်းက ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အီးအက်ဖ်အယ်လ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် အကြိတ်အနယ်ရှိခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အတွင်း မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေရာမှ တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ပွဲကစားချိန် ၈၇ မိနစ်တွင် ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ဆောက်သမ်တန်အသင်းအား အနိုင်ရရှိကာ အီးအက်ဖ်အယ်လ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် အင်္ဂလန်ကလပ်အသင်းများအနက် အောင်မြင်မှုအများဆုံး ဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်း၏ အောင်မြင်မှုရလဒ်နှင့် တူညီသွားခဲ့ပြီလည်းဖြစ်သည်။ လီဗာပူးသည် လက်ရှိတွင် ဆုဖလား ၄၁ လုံးအထိ ဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်ပြီး မန်ယူအသင်းသည်လည်း ယခုဆုဖလားရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်း၏ ဆုဖလားရရှိမှုစံချိန်နှင့် တူညီသွားခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**

## ဘာစီလိုနာ အသင်းပွဲထွက်စာရင်းကိုပင် မက်ဆီ ဝင်ရောက်စွက်ဖက်နေ

ဘာစီလိုနာစူပါစတား မက်ဆီက ကွင်းလယ်လူ အင်ဒရီဂိုးမက်စ်နှင့် တွဲဖက်ကစားနေရသည်ကို နှစ်သက်မှုမရှိဘဲ ရာကီတစ်ကဲ့သို့သော ကစားသမားကို သာ ကွင်းလယ်နေရာအတွက် ပြန်လည်အသုံးပြုရန် တောင်းဆိုခဲ့ပြီးနောက် နည်းပြ အင်းနရစ်က အက်သလက်တီကိုနှင့်ပွဲစဉ်တွင် မက်ဆီပြောသည့် အတိုင်း ဂိုးမက်စ်ကို အရန်ခုံပေါ် ပို့ပစ်လိုက်သည်ဟု သတင်းရင်းမြစ်များက ဖော်ပြသည်။ အင်းနရစ်က အက်သလက်တီကိုနှင့် ပွဲစဉ်တွင် ဂိုးမက်စ်နေရာ ရာဖင်ညာနှင့် အစားထိုးခဲ့ပြီးနောက် ယင်းသို့သော သတင်းများထွက်ပေါ် လာခြင်းဖြစ်သည်။ သို့သော် အင်းနရစ်က ရာကီတစ်ကိုရော ဂိုးမက်စ်ကိုပါ အရန်ကစားသမားစာရင်းမှာပင် ထည့်သွင်းခဲ့ရာ မက်ဆီ၏ ဝင်ရောက် စွက်ဖက်မှုကို အင်းနရစ် မသိမသာရှောင်ရှားပယ်ချသွားခြင်းဖြစ်သည် ဟူသော ယူဆချက်များလည်းရှိနေသည်။

မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့မှာ ဂိုးမက်စ်နှင့် တွဲဖက်ကစားနေရသည်ကို မပျော်မရွှင်ဖြစ်နေပြီး ရာကီတစ်လို တိုက်စစ်အားသန် ကစားသမားနှင့်သာ တွဲဖက်ကစားရန် လိုလားနေကြသည်။ ဂိုးမက်စ်မှာ ခြေစွမ်းပိုင်း အလွန်ကောင်းမွန်သည့် ကစားသမားတစ်ဦး မဟုတ်သော်လည်း ဗလင်စီယာအသင်းမှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် အင်းနရစ်၏ စိတ်ကြိုက်ကစားသမားတစ်ဦးအဖြစ် ပွဲထွက်ခွင့်ရရှိနေ သူဖြစ်သည်။ အက်သက်တီကိုနှင့် ပွဲစဉ်မတိုင်မီ ခြောက်ပွဲဆက်တိုက်ပွဲထွက် ကစားခွင့်ရခဲ့သော်လည်း ယခု ပွဲစဉ်တွင် အရန်ခုံပေါ်သို့ ရုတ်တရက်ရောက်ရှိသွားခြင်းမှာ အံ့အားသင့်ဖွယ် ကောင်းကြောင်း ပရိသတ်အချို့က ဝေဖန်ရေးသားခဲ့ကြသော်လည်း အများစု ကမူ ဂိုးမက်စ်ကို နောက်ပိုင်းပွဲစဉ်များတွင်လည်း ထည့်သွင်းအသုံးမပြုစေလိုကြောင်း တောင်းဆိုခဲ့ကြသည်။ **(ရှိုင်ယန်ဟောဒင်)**

## ၄၄ ပွဲဆက် ဂိုးသွင်းစံချိန်နဲ့ နိုင်ပွဲရရှိပေမယ့် ဝေဖန်မှုတွေနဲ့ ရီးယဲလ်အသင်း

လာလီဂါပွဲစဉ်(၂၄)အဖြစ် ယှဉ်ပြိုင်ခဲ့သည့် ဗီလာရီးယဲလ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ဧည့်သည် ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်း၏ ၄၄ ပွဲဆက် ဂိုးသွင်းနိုင်သည့် စံချိန်တစ်ရပ်ကို လိုက်မီခဲ့သော်လည်း ဝေဖန်မှုများ ကြုံတွေ့ခဲ့ရကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ရီးယဲလ်သည် အစောပိုင်းက ဗီလာရီးယဲလ်အသင်း၏ သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရသော်လည်း ဂါရတ်ဘေးလ်က ခေါင်းတိုက် ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့သည်။ ပွဲကစားချိန် ၇၆ မိနစ်တွင် ပင်နယ်တီဧရိယာအတွင်း လက်ထိဘောကြောင့် ရီးယဲလ်မက်ဒရစ်အသင်း ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ရီးယဲလ်အသင်းအတွက် ဒုတိယချေပဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ လာရောက်ကြည့်ရှုနေသည့် ပရိသတ်များက "ဒီလိုနည်းနဲ့ အမြဲတမ်း ရီးယဲလ်မက်ဒရစ်နိုင်နေတာ" ဟု မကျေမနပ်ဖြင့် အော်ဟစ်ခဲ့ကြသည်။

ဗီဒီယို အနေးပြကွက်များတွင်လည်း ရီးယဲလ်ကွင်းလယ်လူ တိုနီခရူးစ်၏ ဒိုင်ဗစ်ပစ်ကန်သွင်းချက်မှာ ဗီလာရီးယဲလ်နောက်ခံလူတစ်ဦး၏ ခြေထောက်ကို ထိမှန်ရာမှ ဘရူနိုဆော်ရီယာနို၏ ပခုံးကို တန်ပြန်ထိမှန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒိုင်ဖြစ်သူ မန်ဇာနို၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုများရှိနေပြီး အဆိုပါ ပင်နယ်တီအခွင့် အရေးသာ မရရှိလျှင် ရီးယဲလ်မက်ဒရစ် အနိုင်ရရန် လွယ်မည်မဟုတ်ပေ။ ယခုပွဲစဉ်သည် ရသဆန်သည့် ပွဲစဉ်ဖြစ်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ဂါရတ်ဘေးလ် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရသလို ဗီလာရီးယဲလ်အသင်းဂိုးသမား အဆန်ဂျိုမှာလည်း ဒဏ်ရာရရှိသွားသဖြင့် အရင်းနှီးများလွန်းသည့် ပွဲစဉ်တစ်ပွဲလည်းဖြစ်ခဲ့သည်။ **(ရှိုင်ယန်ဟောဒင်)**

## လက်စတာစီးတီးအသင်းနည်းပြဖြစ်လာရန် မန်စီနီ၊ ဟစ်ဒင့်နှင့် နီဂယ်လ်ပီယာဆန်တို့ ရေပန်းစားနေ

လက်စတာစီးတီးအသင်းသည် နည်းပြ ရာနီရေနီကို နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် ရှိတ်စပီးယားကို တာဝန်ယူကိုင်တွယ်စေခဲ့ပြီး ယာယီနည်းပြ ရှိတ်စပီးယား၏လက်စတာအသင်း၏ အမြဲတမ်းနည်းပြ ဖြစ်လာရေးအခွင့်အရေးသည် လီဗာပူးအသင်းနှင့် ကစားမည့်ပွဲစဉ်တွင်ထွက်ပေါ်လာမည့်ရလဒ်အပေါ်တွင် မူတည်သည့်အပြင် မန်စီနီနှင့် ဟစ်ဒင့်နှင့် ပီယာဆန်တို့ သည်လည်း လက်စတာစီးတီးအသင်းနည်းပြဖြစ်လာရန် ရေပန်းစားနေကြောင်း သိရသည်။

လက်စတာစီးတီးအသင်း၏ ထိုင်းပိုင်ရှင်များက အသင်းအား ပရီမီယာလိဂ်တွင် ဆက်လက်တင်ကျန်ရေး လက်ကျန်ပွဲစဉ်များကို အကောင်းဆုံးရလဒ်ထွက်ပေါ်ရန်အတွက် အသင်းနှင့် ကျန်ရှိအသင်းအဖွဲ့သားများကို ပြောကြားခဲ့စဉ်တွင် နည်းပြကလော်ဒီယိုရာနီရေနီ ထုတ်ပယ်ခြင်းနှင့်ပတ်သက်၍ ကစားသမားများ၏လွှမ်းမိုးမှုမရှိကြောင်း ရှမိုက်ကယ်နှင့် ဗာဒီတို့က ခါးသီးစွာငြင်းဆိုသွားခဲ့သည်။

သို့ရာတွင် အားကစားဒါရိုက်တာ ဂျွန်ရက်ဒ်ကင်၊ အမှုဆောင်အရာရှိချုပ် ဆူဆန်ဝီလန်၊ ဒုတိယဥက္ကဋ္ဌ ဆရီဗက်ဒါနာပရာဟာနှင့် အသင်းတာဝန်ရှိသူများကမူ နည်းပြသစ်ခန့်အပ်ရေးအတွက် အမည်စာရင်းကို အသင့်စီစဉ်ထားပြီဖြစ်သည်။ ထို့ကြောင့် ယာယီနည်းပြ ရှိတ်စပီးယား ကိုင်တွယ်ချိန်တွင် ရလဒ်မကောင်းခဲ့ပါက နည်းပြသစ်တစ်ဦးအား ယခုတစ်ပတ်ထဲတွင် ခန့်အပ်သွားမည်ဖြစ်ကြောင်း မျှော်လင့်ထားကြသည်။

လက်စတာစီးတီးအသင်းတွင် ၂၀၀၁ ခုနှစ်က ကစားခဲ့ဖူးသည့် မန်စီနီသည် ဩဂုတ်လအတွင်းက အင်တာမီလန်နည်းပြအဖြစ် ထုတ်ပယ်ခံခဲ့ရပြီး ဟစ်ဒင့်သည်လည်း ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီးနောက်ပိုင်း အသင်းလက်မဲ့ဖြစ်နေသည်။ လက်စတာအသင်းနည်းပြဟောင်း ပီယာဆန်မှာ လက်စတာအသင်းကို ၂၀၁၆-၂၀၁၆ ဘောလုံးရာသီက တန်းတက်အောင်ကူညီပေးခဲ့သူဖြစ်ပြီး နည်းပြသစ်ခန့်အပ်ခံရရန် ထိပ်ဆုံးမှ ရေပန်းစားနေသူဖြစ်သည်။ အသင်းပိုင်ရှင်၊ ဘုတ်အဖွဲ့ဝင်များက နည်းပြသစ်ခန့်အပ်ရေးအတွက် ကစားသမားများ၏ ဆန္ဒကို မေးမြန်းခဲ့ရာ ပီယာဆန်ကို ပိုမိုလိုလားမှုရှိကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

## အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲတွင် ဝင်ရောက်ကစားခွင့်မရရှိခဲ့ပြီးနောက် ယခုနှစ်နွေရာသီတွင် ရွန်းနီ မန်ယူမှ ထွက်ခွာရန် သေချာသလောက်ရှိနေ




မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီဟာ အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲမှာ မန်ယူအတွက် လူစားဝင်ကစားသမားအဖြစ်တောင် ဝင်ရောက်ကစားခွင့်မရရှိခဲ့ပြီးနောက် လာမယ့်နွေဈေးကွက် ဖွင့်လှစ်ချိန်မှာ ရွန်းနီ မန်ယူကနေ ခွာတော့မယ်လို့ သတင်းစာဆရာ ဆမ်စတရိထ်က အခိုင်အမာရေးသားဖော်ပြလိုက်ပါတယ်။ မော်ရင်ဟိုက ရွန်းနီကို လူစားဝင်ကစားသမားအဖြစ် ထည့်သွင်းဖို့ အသင့်ပြင်ဆင်ခိုင်းခဲ့ပေမယ့် အီဗရာဟီမိုဗစ်ရဲ့ ပွဲချိန် ၈၇ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးကြောင့် ဆုံးဖြတ်ချက်ပြောင်းကာ ဖယ်လိုင်နီကိုပဲ ဝင်ရောက်ကစားစေခဲ့တာ ဖြစ်ပါတယ်။

ရွန်းနီဟာ ဗိုလ်လုပွဲမှာ ဝင်ရောက်ကစားခွင့်မရရှိပေမယ့် အသင်းခေါင်းဆောင်တစ်ဦးအနေနဲ့ ဖလားကိုင်မြှောက်အောင်ပွဲခံခဲ့သလို အီဗရာဟီမိုဗစ်ရဲ့ အနိုင်ဂိုးသွင်းယူအပြီး ကွင်းဘေးကနေ အကြီးအကျယ်အောင်ပွဲခံခဲ့ပါတယ်။ ရွန်းနီ အနေနဲ့ မော်ရင်ဟိုရဲ့ ပွဲထွက်စာရင်းမှာပါဝင်ဖို့ အခွင့်အရေးနည်းသွားပြီဖြစ်သလို အနာဂတ်ကာလတွင်လည်း ဒီပုံစံမျိုးနဲ့သာ ရှေ့ဆက်သွားရဖွယ်ရှိတာကြောင့် အခုမှ အသက်(၃၁)နှစ်ကျော်ရုံရှိသေးတဲ့ ကစားသမားတစ်ဦးအနေနဲ့ အသင်းပြောင်းဖို့က လွဲပြီး အခြားနည်းလမ်းမရှိပါဘူး။ သူဟာ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ မန်ယူမှာ ဆက်နေမယ်လို့ အတည်ပြုကြေညာခဲ့ပေမယ့် ရက်ပိုင်းအတွင်းမှာပဲ အခုလိုသတင်းတွေ ထွက်လာပြန်တာဖြစ်ပါတယ်။

ရွန်းနီဟာ အင်္ဂလန်အတွက်ရော မန်ယူအတွက်ရော ဂိုးသွင်းစံချိန်ရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကိုရယူပြီးနောက်မှာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပွဲအများဆုံး ဝင်ရောက်ကစားပေးထားတဲ့ ရှယ်လ်တန်ရဲ့စံချိန်ကို ထပ်ချိုးဖို့ အမေရိကန်မေဂျာလိဂ်(ဒါမှမဟုတ်) တရုတ်ကိုတော့ပြောင်းမှာမဟုတ်ဘူးလို့ ဆမ်က သုံးသပ်လိုက်ပါတယ်။

ဆမ်က "ရွန်းနီ ဘာလို့ စူပါလိဂ်ကို မပြောင်းလဲအဖြေက ရှင်းပါတယ်။ သူ မန်ယူမှာလည်း ပုံရိပ်လွှာအသုံးပြုခ အခြားစပွန်ဆာကြေးတွေကြောင့် ငွေကြေးမြောက်မြားစွာရနေတာပဲ။ ဒါကြောင့် စူပါလိဂ်က လစာအများကြီး ပေးချေမယ်ဆိုပေမယ့် နာမည်ဂုဏ်သတင်း ဒါတွေ ဆုံးရှုံးဦးမှာလေ" လို့ သူ့ရဲ့ ထင်မြင်ချက်ကို ပြောပါတယ်။ ရွန်းနီအနေနဲ့ မန်ယူအပေါ် သစ္စာစောင့်သိမှုကို ပြသတဲ့အနေနဲ့ အခြားပရီမီယာလိဂ်အသင်းတွေကိုလည်း ပြောင်းရွှေ့ဖို့ အလားအလာနည်းတာကြောင့် ရွန်းနီ ဥရောပအခြားအသင်းတစ်သင်းကိုသာ ပြောင်းရွှေ့နိုင်ခြေရှိနေပါတယ်။ ဆမ်ကတော့ စူပါလိဂ်ဟာ ရွန်းနီကိုခေါ်ယူဖို့ ကြိုးပမ်းနေတာ တစ်နှစ်ကျော်ကာလရောက်ရှိနေပြီဖြစ်တာကြောင့် ရွန်းနီသာ ပြောင်းရွှေ့လိုတယ်ဆိုရင် အပြောင်းအရွှေ့ဖြစ်မြောက်နေတာကြာပြီဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ရွန်းနီဟာ စူပါလိဂ်က ကမ်းလှမ်းလာတဲ့ မြောက်မြားစွာသော လုပ်ခလစာကို လျစ်လျူရှုပြီး မန်ယူအသင်းမှာ ဆက်နေဖို့ ဆုံးဖြတ်ထားတာကြောင့် ရွန်းနီ ဘယ်အသင်းကို ပြောင်းမလဲဆိုတာ မှန်းဆဖို့ အတော်ခက်ခဲပေမယ့် သေချာတာကတော့ နွေဈေးကွက်အတွင်း မန်ယူကနေ ခွာမှာဖြစ်တယ်လို့ ဟောကိန်းထုတ်လိုက်ပါတယ်။

**(ရှိုင်ယန်ဟောဒင်)**

# မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေရေးစီမံကိန်းအတွက် ကျိန်ခရန်ချောင်း ရေသွယ်တန်းမှုကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ နှစ်ရှည်ချေးငွေကျပ်သန်း ၆၀၀၀ ဖြင့် မြစ်ကြီးနားမြို့မြောက်ဘက်ရှိ ကျိန်ခရန်ချောင်းရေကို သွယ်တန်း၍ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းနေရာသို့ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နေရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က JICA ချေးငွေဖြင့် စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များ၊ တင်ဒါစနစ်ဖြင့် ပစ္စည်းများဝယ်ယူစုဆောင်းထားရှိမှု၊ ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စီမံကိန်းပြီးစီးပါက ရေဖြန့်ဝေသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းရေအား သိုလှောင်ထားမည့် ရေစုကန်နှင့် ရေစစ်ကန် ဆောက်လုပ်နေမှုနှင့် ချောင်းရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အာလာမ်ကျေးရွာ၌ ပိုက်လိုင်းများအတွက် မြေတူးဖော်၍ ၁၄ လက်မ PVC ပင်မရေပို့ပိုက်များ သွယ်တန်းတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့၏ လက်ရှိရေပေးနိုင်မှုမှာ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်၌ ရေဂါလန် ၁ ဒသမ ၅ သိန်းသာ ပေးဝေနိုင်လျက်ရှိရာ အဆိုပါစီမံကိန်းပြီးစီးပါက မြစ်ကြီးနားမြို့ပေါ်ရှိ တပ်ကုန်း၊ စီတာပူ၊ ဒူကထောင်၊ မြေမြင့်၊ ယုဇန၊ မြို့သစ်၊ ရန်ကြီးအောင်၊ ရှမ်းစုတောင်နှင့် မြောက်ရပ်ကွက်များတွင် တစ်ရက်လျှင် ရေဂါလန် ၁၄ ဒသမ ၄ သိန်းဖြင့် အိမ်ခြေပေါင်း ၇၉၀၀ သို့ ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# စစ်ကိုင်းမြို့နယ်ရှိ ကျန်းမာရေးဌာနများသို့ အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အခြေခံအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူထုအခြေပြုကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်းမှ စစ်ကိုင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးဌာနများသို့ (Basic Equipment for Emergency Obstetrics Care) အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အခြေခံအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံလေးခု၊ ကျေးလက်ကျန်းမာရေးဌာနလေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၅ ခုတို့အား ငွေကျပ် ၃၄၂ သိန်းကျော်တန်ဖိုးရှိ အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အခြေခံအထောက်အကူပြုပစ္စည်းများအား တာဝန်ရှိသူ



အသီးသီးက ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ခံတို့က လက်ခံရယူခဲ့ကြပြီး စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာခင်ဦးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းအမြဲတမ်းအမှုဆောင် ဒေါက်တာအမယာနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သံလွင်ထွန်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အခြားလူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# ဥတ္တရသီရိမြို့နယ်တွင် မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ‘က’ အထူးနယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဥတ္တရသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး) တို့ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရွှေနံ့သာရပ်ကွက်ရှိ ဒေသခံပြည်သူ ၅၀၀ အား ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ‘က’ လိုင်စင်အား နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ပေးခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဥတ္တရသီရိမြို့နယ် တာဝန်ခံ ဦးတင်ထွန်းက သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး ဦးစီးမှူး ဒေါ်တင်တင်ဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်ရန်အတွက် အမြင်အာရုံစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲစစ်ခြင်းနှင့် မော်တော်ဆိုင်ကယ်လက်တွေ့မောင်းနှင်ခြင်းများကို တစ်ဦးချင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုအား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

“အခုလို ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် ငွေကြေးတစ်စုံတစ်ရာ ပိုမိုကောက်ခံခြင်းမရှိဘဲ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ သတ်မှတ်သည့် ပုံမှန်နှုန်းထားများအတိုင်းသာ ပေးဆောင်ရတာဖြစ်ပါတယ်။ အရင်တုန်းက လိုင်စင်မရှိတော့ ဆိုင်ကယ်စီးပြီး အပြင်ကိုသွားရင် ဘယ်အချိန်မှာများ စည်းကမ်းချိုးဖောက်မှုနဲ့ ဒဏ်ကြေးဆောင်ရမလဲဆိုပြီးတော့ပေါ့။ အခုလို လိုင်စင်ရပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပြီး အန္တရာယ်ကင်းစွာ မောင်းနှင်ပြီးတော့ လိုရာခရီးကို အရောက်သွားနိုင်တော့မှာဖြစ်ပါတယ်” ဟု ရွှေနံ့သာရပ်ကွက်တွင်နေထိုင်သူ ကိုကျော်စိုးက ပြောကြားသည်။

**ဥတ္တရခရိုင်(ပြန်/ဆက်)**

# စိုက်ပျိုး ရိတ်သိမ်း၊ သိုလှောင်ချိန်များတွင် မှိုအဆိပ်ထုတ်လုပ်သည့်မှိုများ ပေါက်ပွားမှုမရှိစေရေးဆွေးနွေး

**မုံရွာ ဖေဖော်ဝါရီ ၂၇**

မှိုအဆိပ် (Aflatoxin) ပါဝင်နိုင်သောသီးနှံများဖြစ်သော ငရုတ်၊ မြေပဲ၊ ပြောင်း စသည်တို့ကို စိုက်ပျိုး ရိတ်သိမ်း၊ သိုလှောင်ချိန်များတွင် မှိုအဆိပ်ထုတ်လုပ်သည့်မှိုများ ပေါက်ပွားမှုမရှိစေရေး ဆောင်ရွက်ရမည့်အချက်များကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ တိုင်းဒေသကြီးအတွင်းမှ ခရိုင်နှင့်မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးမှူးများကို ပညာပေးဆွေးနွေးခဲ့ကြသည်။

“သီးနှံတွေမှာ မှိုအဆိပ်ပါဝင်မှုထိန်းချုပ်တားဆီးရေးနည်းလမ်းတွေ၊ ပညာပေးဆွေးနွေးတာမျိုးတွေ အရင်ကမရှိခဲ့ပါဘူး။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပထမဆုံးဆွေးနွေးတာဖြစ်ပါတယ်။ သီးနှံတွေမှာ မှိုအဆိပ်ပါတယ် မပါဘူးဆိုတာ တောင်သူတွေမသိကြပါဘူး။ အဲဒီလိုမသိတော့ တကယ်တမ်းနိုင်ငံခြားပို့ကြပြီဆိုတော့ ဟိုကစစ်ဆေးကြပ်မတ်တာတွေများတော့ မှိုတက်တာပါရင် မယူကြတော့တာတွေရှိပါတယ်။ အဲဒီလိုဈေးကွက်ဆုံးရှုံးပြီး လူတွေရောဂါဖြစ်စေတာ ကြိုတင်ကာကွယ်နိုင်စေဖို့ မှိုအဆိပ်ပါဝင်မှု ထိန်းချုပ်တားဆီးရေးနည်းလမ်းတွေကို ပညာပေးဆွေးနွေးတာဖြစ်ပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောပြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်၊ ဒုတိုင်းညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ပြီး သီးနှံကာကွယ်ရေးဌာနခွဲရုံးချုပ် ဦးစီးအရာရှိ ဒေါက်တာဝင်းသန်းနှင့် ဒုဦးစီးမှူး ဒေါ်မေလွင်ဦးတို့က မှိုအဆိပ်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မှိုအဆိပ်ထုတ်လုပ်သည့်မှို အမျိုးအစားများ၊ မှိုအဆိပ်ပါဝင်နိုင်သောသီးနှံများကို စိုက်ပျိုးစဉ်၊ ရိတ်သိမ်းစဉ်နှင့် သိုလှောင်ချိန်များတွင် မှိုအဆိပ်ထုတ်လုပ်သည့်မှိုများ ပေါက်ပွားမှုမရှိစေရေး ဆောင်ရွက်ရမည့်အချက်များကို ပညာပေးဆွေးနွေးခဲ့သည်။

ထို့အပြင် မှိုအဆိပ်ပါဝင်မှုကိုလျှော့ချနိုင်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အာဆီယံနိုင်ငံများတွင် နိုင်ငံအလိုက်၊ သီးနှံအလိုက်သတ်မှတ်ထားသောမှိုအဆိပ်ပါဝင်မှုပမာဏ၊ မှိုအဆိပ်စစ်ဆေးရေးဓာတ်ခွဲခန်း၌ မှိုအဆိပ်ပါဝင်မှုကို စစ်ဆေးဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

“ကျွန်တော်တို့ကိုယ်တိုင် တောင်သူဆီ တိုက်ရိုက်မသွားနိုင်တဲ့အတွက် တောင်သူတွေနဲ့ အနီးဆုံးမှာရှိတဲ့ မြို့နယ်၊ ခရိုင်ဦးစီးမှူးတွေနဲ့ တွေ့ဆုံပြီး ပညာပေးဆွေးနွေးတာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေကိုပြုလုပ်ရာမှာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်တောင်ပိုင်း၊ ရခိုင်ပြည်နယ် တို့မှာ လုပ်ပြီးပါပြီ။ ဧရာဝတီတိုင်းဒေသကြီးမှာလည်း လုပ်ဖို့စီစဉ်ထားပါတယ်”ဟု သီးနှံကာကွယ်ရေးဌာနခွဲရုံးချုပ် ဦးစီးအရာရှိ ဒေါက်တာဝင်းသန်းက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သာသနာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာတော်ပြန်ပွဲကြီးကို ဖေဖော်ဝါရီ ၂၆ ရက်က ချောင်းဝကျောင်းတိုက် ထူးဆန်းပြည့်စုံ မွှာရုံ၌ကျင်းပရာ အလှူရှင် ဒေါက်တာ ဦးဝင်းမြင့်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး(မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်) မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

# အော်စကာဆုပေးပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး

## ကေစီအက်ဖ်လက်နဲ့ အမ်မာစတုန်းတို့ ယခုနှစ်ရဲ့ အကောင်းဆုံးဇာတ်ဆောင်ဆု ဆွတ်ခူး



ဟောလိဝုဒ်အနုပညာလောကအတွက် အကြီးကျယ်ဆုံးသော ညတစ်ညဟာတော့ ပြီးခဲ့တဲ့ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျရောက်လာခဲ့တာဖြစ်ပါတယ်။ အဆိုပါညမှာတော့ ဟောလိဝုဒ်ရဲ့ အကယ်ဒမီဆုပေးပွဲကြီးဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကိုကျင်းပခဲ့ပြီး နာမည်ကျော်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့အတူ ယခုနှစ်ရဲ့ ထူးချွန်တဲ့အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကိုရွေးချယ်ကာ ဆုတွေပေးအပ်ချီးမြှင့်ခဲ့ကာ အဆိုပါအနုပညာထူးချွန်ဆုပေးပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးဟာ (၈၉)ကြိမ်မြောက်ဖြစ်ပြီး အမေရိကန်နိုင်ငံ ဟောလိဝုဒ်မှာရှိတဲ့ ဒေါ်ဘီသီရေတာမှာကျင်းပခဲ့ခြင်းဖြစ်ကာ အဆိုပါဆုပေးပွဲအခမ်းအနားရဲ့ စီစဉ်တင်ဆက်သူတွေအဖြစ် နာမည်ကျော်အစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျင်မီကမ်မယ်လ်က ဆောင်ရွက်ခဲ့ပြီး နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျက်စတင်တင်းဘားလိတ်ရဲ့ ဖျော်ဖြေတင်ဆက်မှုနဲ့အတူ အခမ်းအနားကို ဖွင့်လှစ်ခဲ့တာဖြစ်ပါ တယ်။

၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲကြီးမှာ ဆုအများဆုံးဆွတ်ခူးခဲ့ကာ ယခုနှစ်ရဲ့ အအောင်မြင်ဆုံးသောရုပ်ရှင်လို့ဆိုနိုင်တဲ့ ရုပ်ရှင်ကတော့ ဝင်ငွေအားဖြင့်လည်း အောင်မြင်ခဲ့တဲ့ တေးဂီတရုပ်ရှင် “La La Land” ဖြစ်ပါတယ်။ အော်စကာဆန်ခါတင်စာရင်း ထွက်ရှိစဉ်ကလည်း ဆုအရေအတွက်အများဆုံးအဖြစ် ဆုပေါင်း ၁၄ ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့အဆိုပါရုပ်ရှင်ဟာ ဆုပေးပွဲညမှာလည်း ထူးချွန်ဆုပေါင်း လေးဆုကို သိမ်းပိုက်နိုင်ခဲ့ပြီး အကယ်ဒမီညရဲ့ အကြီးမားဆုံးသောအောင်နိုင်သူဖြစ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ “La La Land”ဟာ အကောင်းဆုံးထုတ်လုပ်မှုဒီဇိုင်းဆုအပါအဝင် နောက်ထပ်ထူးချွန်ဆုသုံးဆုကိုသိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါထူးချွန်ဆုတွေအနက် အော်စကာဆုပေးပွဲကြီးရဲ့ အမြင့်ဆုံးသော ထူးချွန်ဆုတစ်ခုဖြစ်တဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကိုလည်း ယင်းရုပ်ရှင်ရဲ့ဇာတ်ဆောင်မင်းသမီး အမ်မာစတုန်းက သိမ်းပိုက်သွားနိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ ဒါရိုက်တာ ဒမ်မီယမ်ချာဇဲလ်ဟာလည်း အကောင်းဆုံးဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်ရဲ့ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “City of Stars”ဟာလည်း အကောင်းဆုံးကိုယ်ပိုင်သံစဉ်တေးသီချင်းဆုကို ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကိုတော့ “Manchester by the sea” ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသားကေစီအက်ဖ်လက်က ဆွတ်ခူးသွားနိုင်ခဲ့ပြီး အမှတ်တရစကားလက်ဆောင်ပြောကြားစဉ်မှာတော့ သူ့အနေနဲ့ ဟောလိဝုဒ်အသိုင်းအဝိုင်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်းကို အမှန်တကယ်ပဲ ဝမ်းသာဂုဏ်ယူမိကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ်ရဲ့ ဟောလိဝုဒ်အကယ်ဒမီဆုပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကိုတော့ “Moonlight” ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား မဟာရှာလာအလီက ဆွတ်ခူးနိုင်ခဲ့ပြီးသူဟာ အော်စကာဆုပေးပွဲသမိုင်းတစ်လျှောက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ မွတ်စ်လင်ဘာသာဝင် အနုပညာရှင်တစ်ဦးဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကိုတော့ “ Fences”ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ဗီအိုလာဒေးဗစ်က သိမ်းပိုက်သွားနိုင်ခဲ့ကြောင်း သိရပါတယ်။




အဆိုပါဆုပေးပွဲမှာ အကောင်းဆုံးသောရုပ်သံဖန်တီးမှုရုပ်ရှင်အဖြစ် ဒစ်စနေရဲ့ အောင်မြင်ခဲ့တဲ့ရုပ်ရှင် “Moana” ကို ကျော်ဖြတ်ကာ စုံထောက်ဟာသရုပ်ရှင်အမျိုးအစားဖြစ်တဲ့ “Zootopia” ရွေးချယ်ခံခဲ့ရပြီး အကောင်းဆုံးမြင်ကွင်းဖန်တီးမှုဆုအတွက် ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ “The Jungle Book”ကို ရွေးချယ်ခဲ့ကြပါတယ်။ အကောင်းဆုံးလိုက်ဖ်အက်ရှင်ရုပ်ရှင်ဆုကိုတော့ မင်းသမီးစကားလတ်ဂျိုဟန်စန် ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင် “Sing” က ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။

အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကိုတော့“ Hacksaw Ridge”ရုပ်ရှင်က သိမ်းပိုက်နိုင်ခဲ့ပြီး ယင်းရုပ်ရှင်ဟာ ယခုနှစ်ရဲ့အကောင်းဆုံး အသံရောစပ်မှုဆုကိုပါ သိမ်းပိုက်သွားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။ အကောင်းဆုံးမိတ်ကပ်နဲ့ ဆံပင်ဖန်တီးမှုဆုအတွက် “Suicide Squad” ရုပ်ရှင်က ဆွတ်ခူးခဲ့ကာ အကောင်းဆုံးအဝတ်အစားဒီဇိုင်းဆုကိုတော့ “ Fantastic Beasts and Where to Find Them”ရုပ်ရှင်က ရရှိခဲ့ပါတယ်။

ယခုနှစ်ရဲ့အကောင်းဆုံး နိုင်ငံခြားဘာသာစကားရုပ်ရှင်ဆုကိုတော့ “The Salesman” ရုပ်ရှင်က ဆွတ်ခူးခဲ့ပြီး ယခုနှစ်မှာ ထူးချွန်ဆုပေါင်း ၂၄ ဆုကို ချီးမြှင့်ခဲ့ကြောင်းလည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

## အော်စကာဆုပေးပွဲကို ပန်ဒါဝက်ဝံလေးတွေနဲ့အတူ တက်ရောက်လာခဲ့တဲ့ ဂျက်ကီချန်း

တိုက်ခိုက်ရေးဟာသရုပ်ရှင်တွေနဲ့ အောင်မြင်လာခဲ့တဲ့ ဟောင်ကောင်မင်းသားကြီး ဂျက်ကီချန်းဟာ ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးကို တက်ရောက်လာခဲ့ရာမှာတော့ သူနဲ့အတူ ပွဲတက်ဖော်နှစ်ဦးလည်း ပါလာခဲ့တာကို တွေ့မြင်ခဲ့ရကြောင်း စီအန်အန်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်းသားကြီး ဂျက်ကီချန်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ အမေရိကန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ အထင်ရှားဆုံးသော အနုပညာထူးချွန်ဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကို တက်ရောက်ခဲ့ပြီး သူနဲ့အတူ ကော်ဇောနီပေါ် လျှောက်လှမ်းဖို့အတွက် ပန်ဒါမွေးပွရုပ်လေးနှစ်ရုပ်ကို အတူခေါ်ဆောင်လာခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဂျက်ကီချန်းဟာ အဆိုပါအရုပ်လေးတစ်ရုပ်ရဲ့ရင်ဘက်ပေါ်မှာ သူပါဝင်လှုပ်ရှားလျက်ရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူနီဆက်ဖ်(UNICEF)ရဲ့အမှတ်တံဆိပ်ရင်ထိုးလေးတစ်ခုကို ထိုးပေးထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။



ဒီလိုလုပ်ဆောင်ခဲ့ရတာနဲ့ပတ်သက်ပြီး ဂျက်ကီချန်းက သူ့အနေနဲ့ တိရိစ္ဆာန်တွေကို ကာကွယ်စောင့်ရှောက်ထောက်ပံ့နေတယ်ဆိုတာကို ပြသနေတဲ့ လက္ခဏာရပ်တစ်ခုအဖြစ် လုပ်ဆောင်ခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး ဂျက်ကီချန်းက “ကျွန်တော်ဟာ ပန်ဒါတွေရဲ့ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါတယ်။ မြေငလျင်လှုပ်ခတ်ပြီးခဲ့တဲ့နောက်မှာ ပန်ဒါလေးတွေဟာ ထိခိုက်ခံစားခဲ့ကြရပါတယ်။ ဒ့ါကြောင့် ကျွန်တော်က သူတို့ကို ပြန်လည်ပျိုးထောင်ပေးခဲ့ပါတယ်။ ကျွန်တော့်မှာ တရုတ်နိုင်ငံမှာ ကျွန်တော်ပိုင်တဲ့ ပန်ဒါလေးနှစ်ကောင်ရှိပါတယ်။ ကျွန်တော်သွားလေရာကို သူတို့လည်း အတူလိုက်ပါခဲ့ကြတာပါ” လို့ အဆိုပါဆုပေးပွဲအခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ် မီဒီယာတစ်ခုကို ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျက်ကီချန်းဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ကျင်းပခဲ့တဲ့ “The Governor's Awards”ဆုပေးပွဲကြီးမှာ အော်စကာဂုဏ်ပြုဆုကိုလက်ခံရရှိခဲ့ပြီး ဒီလိုဂုဏ်ပြုဆုပေးအပ်ခဲ့ရခြင်းဟာ ဂျက်ကီချန်းရဲ့ အနုပညာသက်တမ်း ၅၆ နှစ်အတွင်း သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ကားပေါင်း ၂၀၀ ကျော်အတွက် ဂုဏ်ပြုပေးခဲ့ခြင်းဖြစ်ကာ ဂျက်ကီချန်းက သူ့အနေနဲ့ ဒီလိုအော်စကာဂုဏ်ပြုဆုမျိုးကို လက်ခံရရှိဖို့ တွေးတောင်မတွေးရဲခဲ့ကြောင်းလည်း ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။

## အော်စကာဆုပေးပွဲကို ဖွင့်လှစ်ပေးလိုက်တဲ့ ဂျက်စတင်တင်းဘားလိတ်ခ်

ဟောလ်ဝုဒ်ရဲ့နာမည်ကျော်တေးရေး၊တေးဆိုတစ်ဦးဖြစ်တဲ့ ဂျက်စတင်တင်းဘားလိတ်ခ်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေခဲ့ရာ သူ့ရဲ့ဖျော်ဖြေမှုနဲ့အတူ အဆိုပါဆုပေးပွဲကို စတင်ဖွင့်လှစ်ခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဟောလိဝုဒ်ရဲ့အကယ်ဒမီဆုပေးပွဲညမှာတော့ ဂျက်စတင်တင်းဘားလိတ်ခ်ဟာ အော်စကာဆန်ခါတင်စာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့တဲ့ သူ့ရဲ့ တေးသီချင်း “Can’t Stop the Feeling”နဲ့ ဖျော်ဖြေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းကိုသီဆိုရင်း ဂျက်စတင်တင်းဘာလိတ်ခ်က ဆုပေးပွဲကျင်းပရာ ဒေါ်ဘီသီရေတာအတွင်းဝင်ရောက်လာခဲ့ပြီး စင်မြင့်ဆီသို့သွားရာလမ်းတစ်လျှောက်မှာလည်း ဂျက်စတင်တင်းဘားလိတ်ခ်နဲ့အတူ ဟောလိဝုဒ်ရဲ့နာမည်ကျော်အနုပညာရှင်တွေဖြစ်ကြတဲ့ ဟော်လီဘာရီနဲ့ နီကိုးကစ်ဒ်မန်းအပါအဝင် အခြားသောကြယ်ပွင့်တွေနဲ့ တွဲဖက်ကာ ကပြဖျော်ဖြေခဲ့ပါတယ်။ အဲဒီနောက် လတ်တလောမှာ အသက် (၃၆)နှစ်ရှိပြီဖြစ်တဲ့ ဂျက်စတင်တင်းဘားလိတ်ခ်က ဇနီးဖြစ်သူ ဂျက်ဆီကာဘိုင်ယယ်လ်နဲ့ တွဲဖက်ကခဲ့ပြီး ဖျော်ဖြေရေးစင်မြင့်ပေါ် ရောက်ရှိလာချိန်မှာတော့ ဘေလ်ဝစ်သ်သားရဲ့ “Lovely Day”တေးသီချင်းနဲ့ ပြောင်းလဲသီဆိုဖျော်ဖြေခဲ့ရာ အော်စကာဝတ်စုံတွေကို ဝတ်ဆင်ထားခဲ့ကြတဲ့ အနုပညာရှင်တွေက ဂျင်စတင်တင်းဘားလိတ်ခ်နဲ့အတူ ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ တွဲဖက်ကခုန်ခဲ့ကြတာကို တွေ့မြင်ခဲ့ရပါတယ်။

“Can’t Stop the Feeling” တေးသီချင်းဟာ အော်စကာဆုပေးပွဲကြီးမှာ အကောင်းဆုံးကိုယ်ပိုင်သံစဉ်တေးသီချင်းဆုအတွက် အမည်စာရင်းရွေးချယ်ဖော်ပြခြင်းခံခဲ့ရတာဖြစ်ပြီး ယင်းတေးသီချင်းကို ဂျက်စတင်တင်းဘားလိတ်ခ်နဲ့အတူ မက်ဇ်မာတင်၊ ကားလ်ဂျိုဟန်တို့က ပူးပေါင်းရေးသားခဲ့တာ ဖြစ်ပါတယ်။ အဆိုပါတေးသီချင်းဟာ ဟောလိဝုဒ်ရဲ့နာမည်ကျော်ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ “Trolls”ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပြီး ဂျက်စတင်တားဘားလိတ်ခ်နဲ့အတူ အခြားသောနာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ အန်နာကန်းဒရစ်ခ်၊ ဂျိမ်းစ်ကော်ဒန်နဲ့ ဂွမ်စတစ်ဖန်နီတို့ကလည်း ဇာတ်ဝင်တေးမှာ ပါဝင်အားဖြည့်သီဆိုပေးထားကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် ဂျက်စတင်တင်းဘားလိတ်ခ်ဟာ အဆိုပါရုပ်သံဖန်တီးမှုရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဝင်တေးသုံးပုဒ်ကိုလည်း ရေးသားစပ်ဆိုပေးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

## လတ်တလောဖြစ်ပွားနေသောဝက်သက်ရောဂါအကြောင်း အသိပညာပေးရှင်းလင်း

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၇**

လတ်တလောဖြစ်ပွားနေသော ဝက်သက်ရောဂါအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ကျောက်ဖြူခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ် ပိုလီယိုအရာရှိ ဒေါက်တာစံလင်းက ဝက်သက်ရောဂါသည် ကြီး/ငယ်မရွေးဖြစ်ပွားနိုင်သော ရောဂါဖြစ်ကြောင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးသည် အသက်ကိုးလတွင် ပထမအကြိမ်ထိုးရမည်ဖြစ်ကာ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ်ထိုးရမည်ဖြစ်ကြောင်း၊ ဝက်သက်ရောဂါသည် နှာချေခြင်း၊ ချောင်းဆိုးခြင်းများမှ ကူးစက်တတ်ပါကြောင်း၊ ကူးစက်တတ်သောရောဂါဖြစ်သောကြောင့် ရောဖြစ်ပွားပါက သက်ဆိုင်ရာဆေးမှူးများ၊ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရန်နှင့် မိမိအိမ်တွင် လေကောင်းလေသန့်ရရှိသောနေရာ၌နေရန်၊ ဝက်သက်ဖြစ်ဖူးသူ၊ ကာကွယ်ဆေးထိုးထားသူများကသာ လူနာအားစောင့်ရှောက်ရန်၊ လက်ကိုစင်ကြယ်အောင်ဆေးကြောရန်နှင့် ယခု ကျောက်ဖြူမြို့၌ ဇန်နဝါရီလတွင် နှစ်ဦးတွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ ဌာဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဆရာဝန်ကြီးနှင့် ပြည်နယ်ပိုလီယိုအရာရှိ ဒေါက်တာစံလင်းတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**



## လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေး လယ်မြေဧက ၅၀၀ ဖော်ထုတ်ပေး

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ တောင်သူ ၅၈ ဦး၏ လယ်ယာမြေဧက ၅၀၀ အား လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာ စနစ်တကျလယ်မြေဖော်ထုတ်ပေးခြင်းကို စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ တောင်သူများ၏ တင်ပြတောင်းဆိုလာမှုအရ ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ထုံအိုင်(ကော့သန်ခါ) ကျေးရွာတွင် တောင်သူ ၃၁ ဦးပိုင်ဆိုင်သော လယ်မြေဧက ၂၀၀၊ ကော့သင်း(ကော့လမု)ကျေးရွာတောင်သူ ၁၅ ဦးပိုင်ဆိုင်သော လယ်မြေဧက ၁၅၀ နှင့် ခရားအတွင်း ကျေးရွာတောင်သူ ၁၂ ဦးပိုင်ဆိုင်သော လယ်မြေဧက ၁၅၀ စုစုပေါင်း လယ်မြေဧက ၅၀၀ ကို စက်မှုလယ်ယာစနစ်တကျ ဖော်ထုတ်ပေးခြင်းဖြစ်သည်။

တောင်သူများအနေဖြင့် စက်ယန္တရားများဖြင့် စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှု အခက်အခဲမရှိဘဲ အချိန်တိုအတွင်း စပါးအပြီး ပဲသီးနှံများကို နှစ်သီးသုံးသီးစိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ လယ်မြေတစ်ကွက်လျှင် ပေ ၁၂၀၊ ပေ ၃၆၀ အကျယ်၊ ရေသွင်း/ရေထုတ်မြောင်း သုံးပေစီ၊ ကုန်ထုတ်လမ်း ၁၂ ပေ ပါရှိပြီး မတ်လပိုင်းလဝက်ခန့်တွင် အပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်အတွင်း ထပ်မံ၍ ဧက ၁၀၀၀ ဆောင်ရွက်ပေးရန် လျာထားပါကြောင်း စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ဆန်းနိုင်က ပြောကြားသည်။



အဆိုပါ စက်မှုလယ်ယာစနစ်တကျ လယ်မြေဧက ၅၀၀ ဖော်ထုတ်ခြင်းဖြင့် တောင်သူလယ်သမားများ၏ ခေတ်မီနည်းစနစ်များ၊ စပါးနှင့် ပဲသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးချိန်မှအစ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ကြရာတွင် စနစ်တကျရှိစေရေးအတွက် လိုအပ်သော မြေအကျယ်အဝန်းတိုင်းတာခြင်း၊ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချေခြင်း၊ မြေညှိခြင်း၊ သီးထပ်စားစိုက်ပျိုးနိုင်ရေးအတွက် ရေသွင်းရေထုတ်စနစ်များနှင့် ထွက်ရှိလာသော စပါးသီးနှံများ သယ်ယူရောင်းချနိုင်ရေးအတွက် ကုန်ထုတ်လမ်းများကို အဆင့်ဆင့်ဆောင်ရွက်ရကြောင်းနှင့် တောင်သူများ၏ အကျိုးစီးပွားအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မြေတူးစက်ပေးအပ်လှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ၁၃ တန်အရွယ် မြေတူးစက်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အချိန်အခါ၌ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီလှူဒါန်းပေးသော မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ယနေ့လှူဒါန်းသော ကျပ်သိန်း ၁၁၆၈ သိန်းတန်ဖိုးရှိ၁၃ တန်အရွယ် KOBELCO Hydraulic Excavator SK 130-8 အမျိုးအစား မြေတူးစက်အား ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးနှင့် ဆည်မြောင်း၊ တာတမံများပြုပြင်ရာတွင် လိုအပ်ပါက ကူညီဆောင်ရွက်ပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်ကပြောကြားသည်။

အဆိုပါမြေတူးစက်လှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် KOBELCO INTERNATIONAL (S) CO.PTE.LTDမှ မန်နေဂျင်းဒါရိုက်တာ Mr. MOTOSHI NISH-IOKA တို့ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**အမ်း ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မေယုအထူးစစ်ဆေးရေးလှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ရဲအုပ် အေးထွန်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများ၊ မူးယစ်ဆေးသံသရာဖြစ်ပေါ်မှုအဆင့်ဆင့်၊ မူးယစ်ဆေးစွဲသူများအကြောင်း၊ ဆေးခြောက်၊ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ECSTASY၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအကြောင်းများကို အများပြည်သူများ သိရှိလာနိုင်စေရန် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများ၊ ပြည်သူများ စုစုပေါင်း ၇၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံးစုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အမှတ် (၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးအုန်းကျော်ဦးဆောင်ကာ ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးအဖွဲ့ခွဲများ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် ဘားအံပြည်သူ့ဆေးရုံကြီးတို့၌ (၂၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**၁၁၈**



## လမ်းညွှန်ဆိုင်းဘုတ်စိုက်ထူလိုပါက မြို့နယ်စည်ပင်သာယာရုံးသို့ အသိပေးရန်လိုအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းရှင်အများစု အခြေချ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းတည်ရှိသည့်နေရာအား လုပ်ငန်းနှင့်ဆက်နွယ်သူများ အလွယ်တကူဆက်သွယ်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်ရာ၌ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ အသိပေးရန်လိုအပ်ကြောင်း သိရသည်။

“လမ်းညွှန်ဆိုင်းဘုတ်တွေကို စိုက်ထူဆောင်ရွက်မယ်ဆိုရင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆက်သွယ်အသိပေးဖို့လိုအပ်ပါတယ်။ မြို့နယ်မှတစ်ဆင့် ဌာနကိုတင်ပြပြီး ဌာနက စည်းကမ်းနဲ့အညီစစ်ဆေးပြီး ခွင့်ပြုပေးမှာပါ။ တချို့လမ်းညွှန်ဆိုင်းဘုတ်တွေက လမ်းနယ်နိမိတ်မှာ စိုက်ထူဆောင်ရွက်ထားကြတော့ လမ်းနယ်နိမိတ်ကျဉ်းမြောင်းပြီး ယာဉ်အသွားအလာအခက်အခဲဖြစ်ပေါ်နိုင်တယ်”ဟု လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

မျက်မှောက်ကာလ၌ ရန်ကုန်မြို့ရှိမြို့နယ်အသီးသီးတွင် သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လမ်းနယ်နိမိတ်ကျူးကျော်၍ စည်းကမ်းမဲ့ကြော်ငြာများ၊ လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်ထားမှုတို့ကို မြင်တွေ့ရသည်။ ယင်းကဲ့သို့ လမ်းညွှန်ဆိုင်းဘုတ်ကြီးများ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ စိုက်ထူဆောင်ရွက်ပါက ကြံ့ခိုင်မှုရှိရန်လိုအပ်ပြီး ကြံ့ခိုင်မှုအားနည်းပါက မိုးရာသီတွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် လဲပြိုမှုများဖြစ်ပေါ်ပြီး လမ်းအသုံးပြုသူများ ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာမှ ခွင့်ပြုမှုမရှိသော လမ်းညွှန်ဆိုင်းဘုတ်များ၊ စည်းကမ်းမဲ့ကြော်ငြာများအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လိုက်လံဖြုတ်သိမ်း ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေကြောင်း သိရသည်။

**မောင်သုည**

ကြေးမုံ



# နယ်မြေခြားတွင် အလုပ်လုပ်ကိုင်နေသူများ မိမိဒေသတွင် လုပ်ကိုင်နိုင်တော့မည်



**စစ်တွေ ဖေဖော်ဝါရီ ၂၇**
ဒေသတွင်းပြန်လည်နေရာချထားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် ရွှေ့ပြေးအထည်ချုပ်စက်ရုံ (စမတ်အထည်ချုပ်စက်ရုံ) ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်းရုံးဟောင်းနေရာ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်မှလူငယ်များအတွက် အခုလို အထည်ချုပ်စက်ရုံ ဖွင့်လှစ်တည်ထောင်ပေးသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီဖြစ်ကြောင်း၊ ပြည်နယ်တွင်းမှလူငယ်များနှင့် အလုပ်ရှာဖွေနေသူများ ပြည်မနှင့် ပြည်ပတွင် များစွာရှိနေပါကြောင်း၊ အခုအထည်ချုပ်စက်ရုံတစ်ရုံမှသည် မြောက်မြားစွာတိုးတက်လာအောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ လူငယ်များနှင့် နယ်မြေခြားတွင် အလုပ်လုပ်ကိုင်နေကြသူများ မိမိဒေသ၊ မိမိရပ်ရွာနှင့် အိုးမကွာအိမ်မကွာ နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်များပြားလာအောင် အားလုံးပူးပေါင်းကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ရွှေ့ပြေးအထည်ချုပ်စက်ရုံလုပ်ငန်းဆောင်ရွက်မည့် စမတ်အထည်ချုပ်စက်ရုံပိုင်ရှင် ဦးမင်းဇော်က စက်ရုံဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်အထည်ချုပ်စက်ရုံအား ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် စမတ်အထည်ချုပ်စက်ရုံပိုင်ရှင် ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် စက်ရုံဖွင့်ပွဲသို့ တက်ရောက်လာကြသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ရန်ကုန်မြို့နှင့် အခြားနိုင်ငံများတွင် ရခိုင်လူမျိုးစက်ရုံအလုပ်ရုံပိုင်ရှင် များစွာရှိပါကြောင်း၊ စမတ်အထည်ချုပ်စက်ရုံပိုင်ရှင် ဦးမင်းဇော်ကဲ့သို့ ရခိုင်ပြည်နယ်နှင့် ရခိုင်လူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ရခိုင်ပြည်နယ်သို့လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုမျိုး လာရောက်လုပ်ကိုင်စေလိုကြောင်း၊ ရခိုင်လူငယ်လူရွယ်များမိမိဒေသတွင် အလုပ်အကိုင်မရှိ၍ နိုင်ငံတကာနှင့် ပြည်မတွင်သွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြရသည်ကို သိရပြီး စိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ အထည်ချုပ်စက်ရုံဖွင့်လှစ်ပေးခြင်းသည် ရခိုင်ပြည်နယ်အတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာသလိုခံစားရပါကြောင်း၊ ယခုစက်ရုံကြီးရေရှည်တည်တံ့အောင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း စစ်တွေမြို့ ရူပမြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်သာက ပြောကြားသည်။

စစ်တွေမြို့တွင် အထည်ချုပ်စက်ရုံ ဖွင့်လှစ်မည်ဟု ကြော်ငြာများတွင်တွေ့ရသဖြင့် ဆက်သွယ်ပြီး လာရောက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အထည်ချုပ်စက်ရုံနှင့် အခြားအလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသည့် ရခိုင်သား ရခိုင်သူများ များစွာရှိပါကြောင်း၊ မိမိဒေသတွင် အခုလိုစက်ရုံများ တည်ထောင်ပေးမည်ဆိုလျှင် လာရောက်လုပ်ကိုင်လိုသူများစွာရှိပါကြောင်းနှင့် အထည်ချုပ်စက်ရုံဖွင့်လှစ်နိုင်အောင် ကူညီဆောင်ရွက်ပေးသည့် တာဝန်ရှိလူကြီးများနှင့် စမတ်အထည်ချုပ်စက်ရုံပိုင်ရှင်ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း ပုဏ္ဏားကျွန်းမြို့မှ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတွင် နှစ်နှစ်လုပ်ကိုင်ခဲ့သူ ယခုစမတ်အထည်ချုပ်စက်ရုံ၌ အလုပ်ရရှိထားသော မသန်းငွေးက ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် အထည်ချုပ်စက်ရုံတွင် လုပ်သား ၈၀ ခန့် အလုပ်ရရှိသွားပြီဖြစ်ကြောင်းလည်းသိရသည်။ အဆိုပါ စက်ရုံဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ စမတ်အထည်ချုပ်စက်ရုံပိုင်ရှင်နှင့် ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ချင်းပြည်နယ်တွင် ဆောင်ရွက်မည့် တောင်တန်းဒေသစီမံကိန်းနှင့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ် မိတ်ဆက်ပွဲကျင်းပ





**ဟားခါး ဖေဖော်ဝါရီ ၂၇**
အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့မှ ပံ့ပိုးသည့် ချင်းပြည်နယ်တွင်ဆောင်ရွက်မည့် တောင်တန်းဒေသစီမံကိန်းနှင့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ် မိတ်ဆက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ Roland Kobia က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Lift Fund အဖွဲ့မှ စီမံကိန်းဒါရိုက်တာ မစ္စတာ Andrew Kirkwood က မြန်မာနိုင်ငံရှိ Lift ၏ စီမံကိန်းများနှင့် ချင်းပြည်နယ်ရှိ Lift ၏ စီမံကိန်းများအကြောင်းကိုလည်းကောင်း၊ USH မှ Miss Teresa Mcghie က ဘဝအစ ရက်ပေါင်း ၁၀၀၀ အရေးကြီးကြောင်းကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးနှင့် UNICEF မှ မစ္စတာ Samman Thapa တို့က ချင်းပြည်နယ်တွင်ပြုလုပ်မည့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ်များအကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်အမျိုးသမီး မိခင်များအား အာဟာရပြည့်ဝသော စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းခြင်းများကို ပေးအပ်ကြပြီး ခင်းကျင်းပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေးအလုပ်ရုံဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂၇**
ကရင်ပြည်နယ်အတွင်း ပြည်သူများအတွက်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအား ဖြည့်တင်းပေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ကျင်းပသည်။

ကရင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဂျပန်၊ ထိုင်း၊ ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံပညာရှင်များနှင့် ပြည်တွင်းပညာရှင် အင်ဂျင်နီယာများအား ဖိတ်ခေါ်ပြီး ကရင်ပြည်နယ်အတွင်းလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်ယူ သုံးစွဲနိုင်ရေးတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့်နည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံမီဒီယာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်တွင်းပြည်ပလျှပ်စစ်ပညာရှင်များက နိုင်ငံတကာတွင် ရေအားလျှပ်စစ်၊ ဆိုလာလျှပ်စစ်၊ ကျောက်မီးသွေးလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ နျူးကလီးယား၊ လေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်ထုတ်ယူသုံးစွဲမှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသူများက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော နည်းပညာများဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးကြရာ နိုင်ငံတကာပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတကာအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုနည်းလမ်းများအနက် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် အများဆုံးဖြစ်ပြီး ကရင်ပြည်နယ်အနေဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အား အနည်းဆုံးသုံးစွဲနိုင်မှုဖြစ်သောကြောင့် လျှပ်စစ်မီးလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပေးရခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်ရက်နီးကပ်လာသဖြင့် ဆူညံသံဖြင့် မောင်းနှင်သောယာဉ်များကို အရေးယူ

**ရေး ဖေဖော်ဝါရီ ၂၇**
မွန်ပြည်နယ် ရေးမြို့ မြို့ပေါ်ရပ်ကွက်ရှိ လူစည်ကားအချက်အချာကျသော လမ်းဆုံလမ်းခွနေရာများတွင် ဖြတ်သန်းသွားလာနေကြသော ယာဉ်များအနက် မော်တော်ယာဉ်၊ ဆိုင်ကယ်များမှ စက်အင်ဂျင်ဆူညံသံ ကျယ်လောင်စွာမောင်းနှင်ခြင်းများကို ဖေဖော်ဝါရီ၂၄ ရက် ည ၇ နာရီမှ ၁၁ နာရီအထိ စတင်အရေးယူမှုများပြုလုပ်နေလျက်ရှိကြောင်း သိရသည်။

"ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနိုင်ရန်ဖြစ်သည့်အပြင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ပါ ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အထူးစီမံချက်တစ်ရပ်အနေဖြင့် သတ်မှတ်ချိန်ကာလအတွင်း စည်းကမ်းလိုက်နာခြင်းမရှိသည့်ယာဉ်များကို ဖမ်းဆီးအရေးယူမှုများ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါဝင် သက်ဆိုင်ရာဌာနများဖြစ်ကြသည့် ရဲတပ်ဖွဲ့၊ စည်ပင်၊ မီးသတ်၊ ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ အခွန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့ဝင်များက ဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ရန် ဆွေးနွေး




**တာချီလိတ် ဖေဖော်ဝါရီ ၂၇**
အွန်လိုင်းပေါ်နှင့် ခရီးသွားလုပ်ငန်းများတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ရန် တာချီလိတ်မြို့နယ်ရှိ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ဂိုးလ်ဒင်းချယ်ရီဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့တာဝန်သိ ခရီးသွားလုပ်ငန်းအဖွဲ့(MRTI) နှင့် အီပက်(ECPAT) ဥက္ကဋ္ဌ ဦးညွန့်ဝင်းနိုင်က အဖွဲ့၏ လုပ်ငန်းဆိုင်ရာများကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

ယင်းနောက် အဖွဲ့အကြံပေး ဒေါက်တာနီကိုးဟောင်စလာက အွန်လိုင်းပေါ်နှင့် ခရီးသွားလုပ်ငန်းများတွင် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် ဒေသဆိုင်ရာအခြေအနေများ လေ့လာဆန်းစစ်ခြင်းကိုလည်းကောင်း၊ သုတေသနအဖွဲ့ခေါင်းဆောင် ဦးသန်းလှိုင်ဦးက သုတေသနလုပ်ငန်းအစီအစဉ် ဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝေါလ်ဗီရှင်(မြန်မာ) တာချီလိတ်မှ လက်ရှိဆောင်ရွက်နေသည့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လူကုန်ကူးမှုကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များ၊ ဂရုဏာ - ကျိုင်းတုံ လူမှုစည်းလုံးညီညွတ်ရေးအသင်းမှ လူကုန်ကူးမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ AIDS Support Group(ASG)မှ HIV/AIDS လူနာများအား ကူညီစောင့်ရှောက်ပံ့ပိုးမှု လုပ်ငန်းဆောင်ရွက်နေမှုများ၊ သုတဒါန အသိပညာဖွံ့ဖြိုးရေးအဖွဲ့မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ တာချီလိတ်ရှေ့နေကွန်ရက်မှ ကလေးသူငယ်အမှုများနှင့် ပတ်သက်ပြီး ဥပဒေအကြံပြုကူညီမှု ဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အသီးသီး ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာ့တာဝန်သိ ခရီးသွားလုပ်ငန်းအဖွဲ့(MRTI) နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး တာချီလိတ်မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းတပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇**
ကျေးလက်နေပြည်သူများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းတပ်နယ်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲခန့်က ကျောက်ပန်းတောင်းမြို့နယ် သဲဗုဒ္ဓမ ကျေးရွာအုပ်စု၊ အိုးအိုင်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဒေသခံပြည်သူများ၏ သွေးတိုး၊ ဆီးချို၊ မျက်စိရောဂါ၊ အရိုးအကြော၊ သွားရောဂါများနှင့်အရေပြားဆိုင်ရာရောဂါများ၊ ဖျားနာခြင်းများကို စစ်ဆေးကုသဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သဲဗုဒ္ဓမကျေးရွာအုပ်စုအိုးအိုင်ကျေးရွာတွင် အိမ်ခြေ ၁၆၀ ကျော်ရှိပြီး လူဦးရေ ၆၄၀ ရှိသည့် အနက်စစ်ဆေးကုသမှုခံယူသူ အမျိုးသား ၈၆ ဦးနှင့် အမျိုးသမီး ၁၀၈ ဦး စုစုပေါင်း ၁၉၄ ဦးတို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရပြီး အာရုံကြောအားနည်းရောဂါ၊ မျက်စိအားနည်းခြင်းနှင့် ဒူးနာ၊ ခါးနာအစရှိသည့်အရိုးရောဂါများ၊ အစာအိမ်ရောင်ရောဂါများကို အများဆုံးစစ်ဆေးကုသမှုပေးနိုင်ခဲ့သည့်အပြင် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောမှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မျိုးစေ့ထုတ်ကွက်များအတွက် တောင်သူများအား မိုးကြိုပဲတီစိမ်းရေဆင်း(၁၁)မျိုးစေ့များထုတ်ပေး

**ကနီ ဖေဖော်ဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မိုးကြိုပဲတီစိမ်းရေဆင်း(၁၁) မျိုးစေ့ထုတ်ကွက် တောင်သူများအတွက် မျိုးစေ့များပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ပေးအပ်ပွဲတွင် ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက မိုးကြိုပဲတီစိမ်းရေဆင်း(၁၁) မျိုးစေ့ထုတ်စိုက်ပျိုးမည့်တောင်သူများ အနေဖြင့် တစ်ဧကအတွက် အထွက်နှုန်းများမြင့်မားရေး၊ မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် မျိုးစေ့ထုတ်နည်းပညာများကို လိုက်နာဆောင်ရွက်ပြီး မြို့နယ်စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၏လမ်းညွှန်ချက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် အထွက်နှုန်းများတိုးမြှင့်ပြီး မျိုးကောင်းမျိုးသန့်များထွက်ရှိလာမည်ဖြစ်ကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

"ချိုင်ကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာမှာ နှစ်စဉ်မိုးကြိုပဲတီစိမ်းကို ရေတင်ပြီး စိုက်ပျိုးခြင်းဖြစ်လို့ ဒီနှစ် မိုးကြိုပဲတီစိမ်းစိုက်တောင်သူတွေအတွက် ဌာနက သရက်ပင်ကျေးရွာ တောင်သူ ၁၇ ဦးရဲ့ မျိုးစေ့ထုတ်ကွက် ဧက ၂၀ အတွက် တစ်ဧကကို မိုးကြိုပဲတီစိမ်း ရေဆင်း(၁၁)မျိုး လေးပြည်နှုန်းထုတ်ပေးသွားမှာဖြစ်တယ်။ မျိုးစေ့ထုတ်တောင်သူတွေကိုလည်း စနစ်တကျစိုက်ပျိုးနိုင်ဖို့ တောင်သူလိုအပ်တဲ့နည်းပညာတွေပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောသည်။

ယင်းနောက် သရက်ပင်ကျေးရွာမှ တောင်သူများအား မိုးကြိုပဲတီစိမ်းရေဆင်း(၁၁)မျိုးစေ့များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဒေသခံများအဆင်ပြေ

**မလှိုင် ဖေဖော်ဝါရီ ၂၇**
မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် တာဝန်ရှိသူများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြင်းတွင်း ကျေးရွာအုပ်စု ဘဏ္ဍာစိုးကျေးရွာတွင် မြစိမ်းရောင်အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ အဆင်ပြေအောင်မြင်နေမှုကို ဖေဖော်ဝါရီဒုတိယပတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် အိမ်ခြေ ၁၂၈ အိမ် လူဦးရေ ၆၀၅ ဦးရှိပြီး မြစိမ်းရောင်အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှု အားပေးခဲ့သည် ။ ယင်းအပြင် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီတွင် လစ်လပ်လျက်ရှိသော အတွင်းရေးမှူးနေရာ အစားထိုးရွေးချယ်ခြင်းကိုလည်း ဒေသခံများ၏ သဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်၍ ကော်မတီအတွင်းရေးမှူးအား ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ယခုအခါ မြစိမ်းရောင်အရင်းမပျောက်မတည်ရန်ပုံငွေကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပိုမိုလုပ်ကိုင်နိုင်သဖြင့် ဒေသခံများ အဆင်ပြေလျက်ရှိသည် ။

**အောင်ဌေး(မလှိုင်)**

# ကွဲတပ်ဆုံကျေးရွာတွင် ၂၄ နာရီလျှပ်စစ်မီးရပြီ

**သာစည် ဖေဖော်ဝါရီ ၂၇**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မိတ္ထီလာခရိုင် သာစည်မြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စီစဉ်ဆောင်ရွက်ပေးမှုနှင့် ကွဲတပ်ဆုံကျေးရွာ ကျေးရွာမီးလင်းရေးကော်မတီ၏ ကိုယ့်အားကိုယ်ကိုး ကြိုးစားမှုတို့ဖြင့် ရေပေါင်းဆုံကျေးရွာ ၁၃၂/၃၃ ကေဗွီ ၆၀ အမ် ဓာတ်အားခွဲစက်ရုံမှ ကွဲတပ်ဆုံ ကျေးရွာအတွင်းရှိ ၃၃/၀ ဒသမ ၄ ကေဗွီ (၃၁၅)ကေဗွီအေ ထရမ်စဖော်မာအိုး နှစ်လုံးသို့ ဖေဖော်ဝါရီ ၂၃ ရက် နံနက်မှ စတင်၍ ဓာတ်အားပို့လွှတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဓာတ်အားရောက်ရှိသဖြင့် အသင့်သွယ်တန်းထားပြီးဖြစ်သည့် လမ်းမီးတိုင်များ လျှပ်စစ်မီးထွန်းလင်းနေပြီဖြစ်ကြောင်းသိရသည်။

ကွဲတပ်ဆုံကျေးရွာသည်ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ထိစပ်နေသော ရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၃၀၀ ကျော်ရှိသည်။ မန္တလေး-မိတ္ထီလာ-တောင်ကြီး-တာချီလိတ်သို့ သွားသည့် အဝေးပြေးကားလမ်းမကြီးမှာ ရွာ၏အလယ်မှ ဖြတ်သန်းဖောက်လုပ်ထားသဖြင့် စည်ကားလျက်ရှိသည်။ ကျေးရွာအတွင်းရှိ နေအိမ်များမှာ လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းဆဲဖြစ်၍ အားလုံးပြီးစီးသွားပါက မကြာမီရက်ပိုင်းအတွင်း၌ ( ၂၄ )နာရီလုံးလုံး လျှပ်စစ်မီး ထိန်ထိန်လင်းတော့မည်ဖြစ်၍ ကျေးရွာလူထုမှာ ဝမ်းသာနေကြပြီး လျှပ်စစ်ဓာတ်အားရရှိမှုကြောင့်လည်း ကျေးရွာလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ထောင့်စုံဘက်စုံမှ အကျိုးပြုနိုင်တော့မည်ဖြစ်သည်။

**မောင်ကို(သာစည်)**



# တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့ရေး လူငယ်များ၏ လှုပ်ရှားမှုအသံများ နားစွင့်ပေး

မင်းမင်း(ထားဝယ်)



ကျွန်ုပ်တို့၏မိခင် ကမ္ဘာမြေကြီးပေါ်တွင် ဂေဟစနစ်မျိုးစုံ၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်တို့သည် "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဆိုသလို အပြန်အလှန် ဆက်နွှယ်ပြီး အပြန်အလှန် အကျိုးပြုနေကြသည်မှာ အားလုံး အသိပင်ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်တွင် လူဦးရေ တိုးပွားလာမှုနှင့်အတူ မြို့ပြများ ဖြစ်ထွန်းလာခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားနယ်မြေများ ရှားပါးလာခြင်း၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများနှင့်အတူ တောမီးလောင်ကျွမ်းမှုများ၊ သစ်တောပြုန်းတီးမှုများ ပိုမိုများပြားလာခြင်း၊ လူတို့၏ မတော်လောဘကြောင့် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ဖမ်းဆီးခြင်း၊ အမဲလိုက်သတ်ဖြတ်ခြင်း၊ တရားမဝင်ရောင်းဝယ် ဖောက်ကားမှုများနှင့်အတူ ကျွန်ုပ်တို့နိုင်ငံ အပါအဝင် ကမ္ဘာပေါ်တွင် တောရိုင်းတိရစ္ဆာန်များ တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာသည်မှာ အားလုံးမျက်မြင်ပင် ဖြစ်သည်။ သို့ပါ၍ အဆိုပါ ရှားပါးလာသည့် တောရိုင်းတိရစ္ဆာန်များ အနာဂတ်ဘဝ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်း ကာကွယ်ရေး လုပ်ငန်းစဉ်များသည် ကမ္ဘာပေါ်ရှိ ရှိရှိသမျှ လူသားတိုင်း၏ သမိုင်းပေးတာဝန် တစ်ရပ်အဖြစ် ကျရောက်နေပြီ ဖြစ်သည်။

**တောရိုင်းတိရစ္ဆာန်များနေ့**

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်များနေ့ ပေါ်ပေါက်လာမှုနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ရှားပါး၍ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် အလွန်အကျွံ ရောင်းဝယ်မှုကို ပူးပေါင်းထိန်းချုပ်ကာကွယ်ရန်အတွက် ကျင်းပခဲ့သည့် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) မှ တစ်ဆင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သည့် (၆၈) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ နှစ်စဉ် မတ် ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်များနေ့ဟု သတ်မှတ်ပေးခဲ့ပါသည်။

ယခုနှစ် ၂၀၁၇ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်များနေ့၏ အထိမ်းအမှတ်ဆောင်ပုဒ် အဖြစ် "Listen to the young voices" ဟု သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ချက်အရ အသက် (၁၀)နှစ် မှ (၂၄)နှစ် အရွယ်အတွင်းရှိသူများကို ငယ်ရွယ်သူများ (Young People)ဟု သတ်မှတ်ထားပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် အသက်(၁၀)နှစ်မှ (၂၄)နှစ်အရွယ်ရှိ လူငယ်များဖြစ်သည်ဟု ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တစ်နည်းအားဖြင့် အနာဂတ်ကမ္ဘာကြီး၏ ပဲ့ကိုင်ရှင်၊ အနာဂတ်၏ ရှေ့ဆောင်သူများ၊ ဆန်းသစ်တီထွင်သူများ၊ လှုံ့ဆော်သူများ၊ လူ့အဖွဲ့အစည်း တစ်ခုလုံး၏ ခေါင်းဆောင်များ၊ သံတမန်များ ဖြစ်လာကြမည့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသည့် လူငယ်လူရွယ်များ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ၊ သဘောတရားများ၊ ယုံကြည်မှုများ၊ အပြုအမူများ၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အကျင့်စရိုက်ကောင်းများဖြင့် အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် ပုံဖော်ထုဆစ်သွားရန် ယခုနှစ်ဆောင်ပုဒ်မှ မီးမောင်းထိုး ပြထားခြင်းပင်ဖြစ်သည်။

**တောရိုင်းတိရစ္ဆာန်ဆိုသည်မှာ**

တောရိုင်းတိရစ္ဆာန်ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့် ပိုးလောင်းများကို ဆိုသည်ဟု တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံ မျိုးကွဲများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအကြွယ်ဝဆုံးနိုင်ငံများတွင် ပါဝင်ကြောင်း အသိအမှတ်ပြုထားပါသည်။ ကုန်းတွင်းနယ်မြေဒေသများနှင့် ပင်လယ်ပြင်ဒေသတို့သည် အမျိုးအစားစုံလင်သော သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်များ ခိုလှုံကျက်စားရာ ဒေသများပင် ဖြစ်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းများအရ မြန်မာနိုင်ငံအတွင်း အပင်မျိုးစိတ် ၁၁၈၂၄ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် (၂၅၂) မျိုး၊ ငှက်မျိုးစိတ် (၁၀၅၆) မျိုး၊ တွားသွားသတ္တဝါ မျိုးစိတ်(၂၉၃)မျိုး၊ ကုန်းနေရေနေ မျိုးစိတ်(၁၃၉)မျိုးနှင့် ငါးမျိုးစိတ် (ရေချိုမျိုးစိတ်၊ ရေငန်မျိုးစိတ်) (၇၇၅)မျိုး၊ ဒေသရင်းမျိုးစိတ်များအနေဖြင့် အပင်မျိုးစိတ် ရှစ်မျိုး၊ နို့တိုက်သတ္တဝါ တစ်မျိုး၊ ငှက်မျိုးစိတ် လေးမျိုး၊ တွားသွားသတ္တဝါ (၂၉)မျိုးနှင့် ကုန်းနေရေနေသတ္တဝါ ခြောက်မျိုးတို့ကို တွေ့ရှိ မှတ်တမ်းတင်ထားကြောင်း သိရှိရပါသည်။

**ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေ**

နှစ်စဉ် ကမ္ဘာပေါ်တွင် တောရိုင်းတိရစ္ဆာန်များသည် အစားအသောက်၊ အိမ်မွေးတိရစ္ဆာန်၊ အလှအပပစ္စည်း၊ ဇိမ်ခံပစ္စည်း၊ ဆေးဝါးများ ဖော်စပ်မှု၊ လူတို့၏ မတော်လောဘများအတွက် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှုများဒဏ်ကို ခံစားနေရပြီး အဆိုပါ အကျိုးဆက်ကြောင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကို အထူးထိခိုက်စေမည် ဖြစ်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေမည် ဖြစ်သည်။ သို့ပါ၍ ကျွန်ုပ်တို့နိုင်ငံအတွက် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို လူငယ်များအတွက် သော်လည်းကောင်း၊ လူငယ်များမှ သော်လည်းကောင်း ဆောင်ရွက်သင့်သည့်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သုံးသပ် တင်ပြရလျှင်-

- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ၊ ရာသီဥတုဆိုင်ရာ အချက်အလက်များ၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ဗဟုသုတများ၊ အတွေးအမြင်များကို အခြေခံပညာကျောင်းများမှ တစ်ဆင့် စတင် မွေးဖွားပေးရန် လိုအပ်ပါသည်။
- တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး၏ အဓိကအခရာကျသည့် တရားဥပဒေစိုးမိုးရေး အပိုင်းကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ (ဥပမာ- တောရိုင်း တိရစ္ဆာန်များ တရားမဝင်ဖမ်းဆီး၊ သတ်ဖြတ်၊ မှောင်ခို ရောင်းဝယ် ဖောက်ကားမှုများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ အရေးယူမှု၊ အပြစ်ပေးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။
- ပညာပေးမှုနှင့် လူမှုဘဝမြှင့်တင်ပေးမှုအနေဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု နည်းပါးစေသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် အစားထိုးပုံဖော်ပေးရန် လိုအပ်ပါသည်။ (ဥပမာ- မုဆိုးများကို ရက်စက်ကြမ်းကြုတ်သူ မုဆိုးဘဝမှ တောရိုင်းတိရစ္ဆာန်တို့အပေါ် ချစ်မြတ်နိုးပြီး ထိန်းသိမ်းကာကွယ်သူအဖြစ် ပုံဖော်ပေးနိုင်ရန်နှင့် အဆိုပါ မုဆိုးများအတွက် သမာအာဇီဝ အသက်မွေးကျောင်းမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားရမည် ဖြစ်သည်။
- "သက်ရှိလောကတည်မြဲဖို့ သဘာဝတွေထိန်းသိမ်းစို့" ဆိုသလို ဇီဝမျိုးစုံမျိုးကွဲ တည်ရှိ နယ်မြေများ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်များကိုလည်း နိုင်ငံတော်၏ အမွေအနှစ်တစ်ရပ်အနေဖြင့် သော်လည်းကောင်း၊ နောင်လာမည့် မျိုးဆက်အဆက်ဆက်တို့၏ အကျိုးအတွက် သော်လည်းကောင်း ထိန်းသိမ်းပေးသွားရမည်ဖြစ်သည်။ သဘာဝနယ်မြေများအား စီမံအုပ်ချုပ်ရေးအတွက် သဘာဝနယ်မြေ အနီးဝန်းကျင်ကျေးရွာများတွင် လူထုပညာပေးခြင်းကို ယနေ့ခေတ်လူငယ်များမှ ဦးဆောင်၍ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါသည်။
- တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုသည် ကမ္ဘာတွင် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှုပြီးပါက တတိယအကြီးဆုံး ကုန်သွယ်မှု ဖြစ်နေပါသည်။ မြန်မာနိုင်ငံ၏ နယ်စပ်မြို့များတွင် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်မှာ တဖြည်းဖြည်းကြီး ထွားလာနေပြီ ဖြစ်သည်။ သို့ပါ၍ မှောင်ခိုမုဆိုးများမရှိသည့် ကမ္ဘာအဖြစ် ဖော်ဆောင်နိုင်ရန် တောရိုင်းတိရစ္ဆာန်တို့အပေါ် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်များထားရှိကာ မှောင်ခိုလောကကို နည်းလမ်းပေါင်းစုံဖြင့် လုံးဝဆန့်ကျင် တိုက်ဖျက်ပေးရန် လိုအပ်ပါသည်။
- တောရိုင်းတိရစ္ဆာန်များ၏ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုအပေါ် တားဆီးနှိမ်နင်းရေး လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရန် နည်းပညာအထောက်အပံ့များ၊ မှုခင်းဆေးပညာရပ်များ၊ မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ လုပ်ငန်းများတွင် စွမ်းဆောင်ရည် မြှင့်တင်မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။
- နိုင်ငံအသီးသီးမှ ပုံဖော်ဆောင်ရွက်လျက်ရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၁၇)၊ ရည်မှန်းချက်(၅)တွင် ၂၀၂၀ ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်မည့်အရေး ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရေးနှင့် ရည်မှန်းချက်(၇)တွင် ထိန်းသိမ်းကာကွယ်ထားသော သစ်ပင်ပန်းမန်မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစုံတို့ကို တရားမဝင် အမဲလိုက်ခြင်းနှင့် တရားမဝင် ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ အဆုံးသတ်ရေးဟူသည့် ရည်မှန်းချက်များကို ပြည့်မီအောင် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် လူငယ်တို့၏ စွမ်းပကားအပေါ် မူတည်၍ မဖြစ်မနေ ဆောင်ရွက်သွားရမည် ဖြစ်သည်။

**ဟန်ချက်ညီမှ ရေရှည်တည်တံ့**

သဘာဝဂေဟစနစ်တွင် လူ၊ အပင်၊ သားငှက်တိရစ္ဆာန်များ တစ်ခုနှင့်တစ်ခု အချင်းချင်းမှီခိုကာ ဟန်ချက်ညီညီ နေထိုင်နိုင်မှသာ ကမ္ဘာကြီး ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ ယင်းတို့အနက် တစ်ခုခု ပျောက်ကွယ်သွား မည်ဆိုပါက ကျန်သက်ရှိများ ဆက်လက်ရှင်သန်နိုင်မည် မဟုတ်ပါ။ သို့ပါ၍ ကမ္ဘာကြီးပေါ်မှ မျိုးသုဉ်းပျောက်ကွယ် မည့်အရေး ကြုံတွေ့နေရသည့် တောရိုင်းတိရစ္ဆာန်များ၏ သနားစရာပုံရိပ်များ၊ တောရိုင်းတိရစ္ဆာန်များအပေါ် ညှဉ်းပန်းနှိပ်စက်မှု အနိဋ္ဌာရုံပုံရိပ်များ၊ ရှားပါးသဘာဝအပင်များ၏ အလှအပများကို မိမိတို့၏ မျက်စိထဲတွင် မြင်ယောင်ခံစားပြီးလူသားတိုင်း (အထူးသဖြင့် လူငယ်လူရွယ်များ)မှ ကိုယ်ပိုင်အသိစိတ်ဓာတ်၊ တီထွင်ဆန်းသစ်သည့် အသိဉာဏ်၊ အတွေးအခေါ်ကောင်းများဖြင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းစဉ်များကို လက်တွဲညီညီ ထဲထဲဝင်ဝင်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

"ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသည့် လူငယ်လူရွယ်များ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ၊ သဘောတရားများ၊ ယုံကြည်မှုများ၊ အပြုအမူများ၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အကျင့်စရိုက်ကောင်းများဖြင့် အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် ပုံဖော်ထုဆစ်သွားရန် . . ."


KBZ BANK
STRENGTH OF MYANMAR
APPLY NOW
The New KBZ Visa Credit Card
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
Mee Mee
VISA
Platinum
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
MG MG
VISA
Experience the World of Privileges and Luxuries
KBZ Visa Platinum & Classic Credit Card
Call Center: +951 370320
Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards

## ar;eqGxlwmif

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယကကြီး သုခမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၇ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘာသာသာသနာအကျိုး မွေးရပ်ဇာတိမြေအကျိုးတို့ကို ချစ်ဇနီး ဒေါ်အေးမွန်ရှိန်နှင့်အတူ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့ ကျောက်တံခါးမြို့**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အထက၊ ကျောက်တံခါးမြို့။**

## ar;aeYqkawmif;ESifh aus;Zl;wifvTm

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယကကြီး သုခမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၇ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘာသာသာသနာအကျိုး မွေးရပ်ဇာတိမြေအကျိုးတို့ကို ချစ်ဇနီး ဒေါ်အေးမွန်ရှိန်နှင့်အတူ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၈-၂-၂၀၁၇ရက်မွေးနေ့အလှူအဖြစ် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ချစ်ဇနီးဒေါ်အေးမွန်ရှိန် မိသားစုတို့မှ ကျောက်တံခါးမြို့ ပြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းသို့ TOYOTA ALPHARD (HSE) ယာဉ်အသစ်တစ်စီး လှူဒါန်းခြင်းအတွက်လည်း ကျောက်တံခါး မြို့သူမြို့သားများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ ပြဟ္မစိုရ်လူမှုရေးကူညီမှုအသင်း ကျောက်တံခါးမြို့**
**ဝေယျာဝစ္စအဖွဲ့ ဥတ္တမာရုံစာသင်တိုက်ကျောင်း ကျောက်တံခါးမြို့။**

**ဒေါ်စုမွန်အောင် (M.Sc Physics)**
(၁၀)တန်းအတွက် ဘာသာစုံလေ့ကျင့်သင်ကြားပေးသည်။
တစ်ဦးချင်း(သို့)ငါးယောက်ဝိုင်းသင်သည်။
မေးခွန်းဟောင်းနှင့်တကွ လေ့ကျင့်ပေးသည်။
တစ်ဘာသာချင်းသီးသန့် Special သင်သည်။
Ph:09-448001848, 09-792477297

တွန်တရစ် အုတ်ခဲရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုန်(၂)တောင်ဒဂုံ

**EASY GO TRAVEL & TOURS**
**အဆင့်မြင့်ခရီးသွားလုပ်ငန်း** Best Service For All You Need !!

| | |
|---|---|
| တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် | Mar17/Apr12 |
| ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး-တောင်ကြီး-အင်းလေး | Mar17/Apr12 |
| ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်ကမ်းခြေမြိတ်ကျွန်း | Mar17/Apr12 |
| မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ | Mar17/Apr12 |
| ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် | Mar17/Apr12 |
| ချင်းပြည်နယ်(နတ်မတောင်)-ပုဂံ | Mar17/Apr12 |
| မြဝတီ-မဲဆောက်-ဘားအံ-မော်လမြိုင် | Mar17/Apr12 |

01-227925, 09-257781822, 257781722, 5091205

**Jue Jue Travels & Tours Co.,Ltd.**
၁။ ဒူဘိုင်း - အဘူဒါဘီ (April - 12) ($1300)
၂။ ဒူဘိုင်း - အဘူဒါဘီ (April - 12) ($1650)
၃။ အီဂျစ်၊ ဒူဘိုင်း (April - 8) ($2550)
၄။ ဗီယက်နမ် - ကမ္ဘောဒီးယား (April - 9, 13) ($996)
၅။ ခနန်း - ဘန်နာဟေး - ဟိုအီန် - ဟွေမြို့ (April - 9, 14) ($625)
၆။ ဟိုချီမင်း - ချူချီ - မီခေါင် (April - 9, 13) ($550)
၇။ ဟာနွိုင်း - ဟာလောင်းဒေး နင်ဘင်န် - တမ်ကော (April - 9, 13) ($547)
၈။ မလေးရှား၊ ဂေတင်းအင်-ပီနန် လန်ကာဝီ - မလက္ကား (April - 10) ($1200)
Ph : 09-5074000/ 09-31288134, 01-253309
facebook : JueJueTourismCompany

**ရွှေလမ်းခရီး...မှ ရွှေစက်တော်သို့**
(Hotel တည်း)
095124678,09401589907,098627170

ဥယျာဉ်မှူး (ဝင်ခွင့်သင်တန်းများ)
PGDMA (အလယ်တန်းပြ)
PPTT (အနီးကပ်တန်းခွဲများ)
တာမွေ။ ဖုန်း-၀၉-၅၁၁၄၈၀၄၊
၀၉-၄၂၀၀၄၂၈၀၀

၂၀၁၇ - ၂၀၁၈ စာသင်နှစ်အတွက်
**ဦးဉာဏ်လွင်**
B.Sc(Phy),M.Sc (Thesis)
- ၉ တန်း နှင့် ၁၀တန်း
- ဘာသာစုံဝိုင်းများ
- ရူပဗေဒ သီးသန့်တန်းများ
အမှတ်(၁၈၆)၊ အိုင်ကမ်းသာလမ်း၊ 01-253205, 09-420737118

**ကိုမျိုးမင်း**
LCD,PLASMA, LED အထူးပြုပြင်ရေး
LCD,PANELS များ ....
LCD, LED, PANLELS ....32" များ
အမှတ်(၁၅၆/၁၅၈)၊ မြေညီ(၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၁-၇၀၀၃၁၆၊ ၀၉-၇၃၁၈၅၅၁၉၊ ၀၉-၂၆၄၃၈၀၆၅၅



အတွဲ ၂၀၊ အမှတ် ၄၊ မတ်လ၊ ၂၀၁၇
ဆန်းသစ်တီထွင် အလှဆင် ဒိုင်းပညာရှင်
Summer မှာ ....
သေးငယ်ပြီး ချစ်စရာကောင်းတဲ့ အိမ်မွေးခွေး ၉ မျိုး
၂၀၁၇ ခုနှစ်၊ မတ်လထုတ် ထွက်ပြီ
၃,၀၀၀ ကျပ် တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

CHINDWIN COLLEGE
psb Academy
University of Portsmouth



